www.burmeseclassic.com

မောင်ကိုကို
( အမရပူရ )

# မိုးသားတွေနဲ့အတူတူပြေးလွှား
# ကျွန်တော်ဟာဂျစ်ပစီလေးများလား




cov... soe thaw dar

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင် အနုပညာထုတ်လုပ်ရေး
( The Tree Art Production )

# မောင်ကိုကို

( အမရပူရ )

## မိုးသားတွေနဲ့အတူတူပြေးလွှား

## ကျွန်တော်ဟာဂျစ်ပစီလေးများလား

မှာကြားရန်

| အောက်မြန်မာပြည် ဖြန့်ချိရေး | အထက်မြန်မာပြည် ဖြန့်ချိရေး |
|---|---|
| ဦးလွင်သိန်း | ဦးထွန်းဦး |
| နေလစာပေ အမှတ် ၁၈၃၊ ၃၁ လမ်း၊ | နဂါးစာပေ၊ မန္တလေး။ |
| ဖုန်း ၂၈၃၇၅၄ | |

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

ဟော့ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ
အကြောင်းအရာ အဟောင်းတွေကို
ဆန့်ကျင်ခြင်း ရှိတယ်။
အဲဒီလူငယ်ရဲ့ ဦးခေါင်းက ဆံပင်တွေကို
ကတ်ကြေးနဲ့ ညှပ်လို့ပစ်လို့ မရဘူး။
ဘာနဲ့မှ ညှပ်ပစ်လို့ မရဘူး။
ဘယ်သူမှ လာညှပ်လို့ မရဘူး။
ကျွန်တော် ယုံတယ်။
လောကမှာ ဆံပင်ညှပ်ပစ်လို့ မရတာဟာ
လူငယ်ရဲ့ ဦးခေါင်းတစ်လုံးပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၅၈/၉၉(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၆၅/၉၉(၁၁)

ပထမအကြိမ်
၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀ ကျပ်

ကွန်ပျူတာ စာစီ စာပြင် စာမျက်ဖွဲ့
KZAW DTP

အတွင်းဖလင်
PERFECT ကိုကျော်ကျော်
၂၂၄၊ ၃၈ လမ်း၊ ရန်ကုန်။

မျက်နှာဖုံး ပန်းချီ
စိုးသော်တာ

ထုတ်ဝေသူ - ဒေါ်ရွှေအိမ်
ထိုင်းလင်း စာပေ (မြ ၀၁၂၉၉)
အမှတ် (၈)၊ ၆၅ အုပ်စု၊ ၃ အောင်သိဒ္ဓိလမ်း
ဇော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ် - ဒေါ်ကြည်ကြည်အေး (၀၃၂၅၅)
ဆန်းသိင်္ခ အော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် ၁၅၀၊ ၄၈ လမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ် - ဦးတိုးဝင်း
နေလရောင် ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လသာ၊ ရန်ကုန်။

# အပိုင်း

# [၁]

www.burmeseclassic.com

www.burmeseclassic.com

တစ်ခန်းသုံးမှာလည်း ရေမွှေးနံ့တွေ ထုံယစ်လို့၊ အမျိုးသမီးတစ်ယောက်ပါ။

ကျွန်တော့် ဖေဖေ့များက ကုလားထိုင် အလွတ်မှာ ရွှေခဲ့ ဝင်ထိုင်လိုက်ပုံက ကျွန်တော့်ထက်တောင် ပိုင်ပိုင် နိုင်နိုင် ရှိလှတယ်။

သူဟာ ကျွန်တော့်ထက်တောင်မှ ဖေဖေ့ကို ပိုင်နိုင်ပုံပဲ။

ကျွန်တော့် ဖေဖေနဲ့ ကျွန်တော် ထမင်းသက်ဆုံ စားရတာကို ကျွန်တော် ကျေနပ်နေတုန်းမှာ သူ ရောက်လာတယ်။

ကျွန်တော် ခပ်ချဉ်ချဉ် ဖြစ်သွားတယ်။ ဖေဖေ့ မျက်နှာကို ကျွန်တော် ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

ကျွန်တော်ဟာ ရေဒီယို တစ်လုံး မဟုတ်ဘူး။

ကျွန်တော်ဟာ ကွန်ပျူတာ တစ်လုံးလည်း မဟုတ်ဘူး။

ကျွန်တော်ဟာ အင်တာနက်လည်း မဟုတ်ဘူး။

ကျွန်တော်ဟာ ဂြိုဟ်တုနဲ့ ဆက်သွယ်ထားတဲ့ ရုပ်မြင်သံကြားလည်း မဟုတ်ဘူး။

ကမ္ဘာကြီး...ဟုတ်လား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီး တစ်ခုလုံးကို ကျွန်တော် ဘယ့်နှယ်လုပ်ပြီး နှံ့စပ်သေချာအောင် သိပါ့မလဲဗျာ။ အင်ဖော်မေးရှင်း ဆိုတဲ့ သတင်းအချက်အလက်တွေ အားလုံးကို စုပ်ယူထားတဲ့ စက်တစ်လုံး မဟုတ်သလို ကျွန်တော်ဟာ သတင်းစာ တစ်စောင်လည်း မဟုတ်ပြန်ဘူးလေ။

အိုး အမှန်တကယ်ပဲ...။ ကျွန်တော် နေထိုင်ခွင့်ရတဲ့ ကမ္ဘာက ကျဉ်းကျဉ်းမြောင်းမြောင်းလေးရယ်။

ခွေးကလေးတစ်ကောင် ခြံဝင်းကျယ်ကျယ် တစ်ခုထဲမှာ နေထိုင်ရပေမယ့် အဲဒီ ခြံဝင်းရဲ့ တံခါးကို ခြံပိုင်ရှင်က သော့ခတ် ထားတယ်။

ခွေးကလေးဟာ သော့မဖွင့်တတ်သလို သော့ကို ခိုးယူဖို့လည်း မကြိုးစားခဲ့ဘူး။

သနားစရာကောင်းတဲ့ ခွေးကလေးဟာ တစ်ခါမှ သူ့ကို ပိတ်ဆို့ထားတဲ့ တံခါးကို သော့တံလေး ခိုးပြီးဖွင့်ဖို့ စိတ်ကူး မရခဲ့ရှာဘူး။

ကျွန်တော် တွေးကြည့်တာပါ။

ကျွန်တော့်ရဲ့ အတိတ်ဘဝ နေ့စွဲတွေကို ကျွန်တော် တွေးကြည့်တယ်။



ကျွန်တော်ဟာလည်း အဲ့ဒီခွေးကလေးနဲ့ ဘာထူးမှာ မို့လဲ။

သနားစရာ ကောင်းတာက ခွေးကလေး တစ်ကောင်တည်း မဟုတ်ဘူး။

ကျွန်တော်ဆိုတဲ့ ကောင်လေးတစ်ကောင်ဟာလည်း ကြယ်ကလေး တစ်ပွင့် မိုးကောင်းကင်ပေါ်က ကြွေဆင်းကျတာကို လိုက်မဖမ်းတတ်သလို စိတ်ကူးသစ်တွေကိုလည်း မဆွတ်ခူးတတ်ဘူး။

သနားစရာ တေုံးလေး တစ်ကောင်။

အဲ့ဒီ ကောင်လေးဟာ ကျွန်တော်ပေါ့။

မြို့ကလေး တစ်မြို့မှာ ကျွန်တော် နေထိုင်ပါတယ်။

အဲ့ဒီမြို့က စက်ရက်ကန်း ခတ်သံတွေ ဆူညံနေတာပဲ။

ကောင်းကင်ကို စက်သံတွေနဲ့ ပင့်တင်ထားတဲ့ မြို့တဲ့။

စက်ရက်ကန်း ခတ်သံတွေက ဆူညံ မြည်ဟီးစွာ မြို့ကလေး အပေါ်က ကောင်းကင်ကို ပင့်တင်ထားတယ်တဲ့။ အဲ့ဒီလို စာရေးဆရာ တစ်ဦးက ပြောခဲ့တယ်။

ကျွန်တော့်မြို့ကို ကျွန်စစ်သားက တောဝက်ပစ်ရင်း တွေ့ရှိခဲ့တာတဲ့။ ကျန်စစ်သားကြောင့် ကျွန်တော့်မြို့ ဖြစ်လာခဲ့တာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ကျန်စစ်သားဆိုတဲ့ သူရဲကောင်းကြီး မရှိခဲ့ရင် ကျွန်တော့် မြို့ကလေးဟာ ရှိလာပါ့မလား။ ကျန်စစ်သား ကိုယ်တိုင်ကလည်း ဒီလောက်တောင် စက်သံတွေနဲ့ ဆူညံတဲ့ မြို့တစ်မြို့ ဖြစ်လာမယ်ဆိုတာ ကြိုတင်တွေးတောမိရင် ကျွန်တော့်မြို့ကလေးကို သူ ဖော်ထုတ်ပါ့မလား။

ကျွန်တော့်မြို့ဟာ တစ်နေ့တစ်နေ့မှာ လုံချည် အထည်ဘယ်နှသောင်း စက်နဲ့ ထုတ်လုပ်တယ် ဆိုလားပဲ။

ပြောကြတာပဲ။

ကျွန်တော် အရေအတွက် အတိအကျ မသိဘူးလေ။

ကျွန်တော် သိတာက စက်သံတွေ ဆူညံနေတာပဲ သိတယ်။

နောက်ပြီး သူ့ဘာသာ လုံချည်တွေ ဘယ်လောက် ထုတ်လုပ် ထုတ်လုပ် အဲ့ဒီ လုံချည်တွေက ကျွန်တော်နဲ့ ဘာဆိုင်တာ မှတ်လို့။

ဘာလို့လဲဆိုတော့ ကျွန်တော်က ဂျင်းဘောင်းဘီပဲ ဝတ်တတ်တာလေ။



ကျွန်တော့်မြို့က ထုတ်လုပ်တဲ့ ပုဆိုးတွေကို ကျွန်တော် မကြိုက်ဘူး။ ရွှေဘိုဆိပ်ခွန်တို့ အမရပူရတို့က ထုတ်လုပ်တဲ့ ပိုးနဲ့ချည် တွဲထားတဲ့ ပိုးတွဲပုဆိုးလည်း ကျွန်တော် မကြိုက်ဘူး။ (ပါးပါးလှပ်လှပ်လေးရယ်။)

အဲ့ဒါတင်လား။

မဟုတ်သေးဘူး။

မလေးရှားက လာတဲ့ ပုဆိုးလည်း ကျွန်တော် မကြိုက်ဘူး။

အိန္ဒိယက လာတဲ့ ပုဆိုးလည်း ကျွန်တော် မကြိုက်ဘူး။

ကျွန်တော် ကြိုက်တာက U.S.A က လာတဲ့ ဂျင်းဘောင်းဘီရယ်လေ။

ကျွန်တော့်ကမ္ဘာ ကျဉ်းကျဉ်းလေးထဲမှာ ကျွန်တော် မကြိုက်တဲ့ အရာတွေက ရေတွက်လို့ ရနေတယ်။ သိလား။

နွားနို့ကို ကျွန်တော် မကြိုက်ဘူး။

မိုက်ကယ်ဂျက်ဆင်ကို ကျွန်တော် မကြိုက်ဘူး။ စိုးအောင်ကို ကျွန်တော် မကြိုက်ဘူး။ ရေဒီယိုရဲ့ ကာလပေါ် သီချင်းတွေကို ကျွန်တော် မကြိုက်ဘူး။

နို့ချဉ်အေးကို သိတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နို့ချဉ်အေး ဖန်ခွက်မျက်နှာပြင်ပေါ်မှာ ရှပ်ယှက်ခတ် မွစာကြဲနေတဲ့ အုန်းသီးဆန်ဖတ်တွေကို ကျွန်တော် မကြိုက်ဘူး။ ဂျေဒိုးနတ်ရဲ့ အချိုမှုန့်တွေကို ကျွန်တော် မကြိုက်ဘူး။ ဝက်သားတုတ်ထိုးကို ကျွန်တော် မကြိုက်ဘူး။ ဆန်နီ ဆူပါဆလွန်းအဖြူကို ကျွန်တော် မကြိုက်ဘူး။ ပပလွှားလွှား နိုင်လွန်းလို့။

မက်ဒေါနားကို ကျွန်တော် မကြိုက်ဘူး။ ညစ်ပတ်လို့။ မြူးဆွယ်တဲ့ အမူအရာဆို ကျွန်တော် မုန်းတောင်မှ မုန်းသေးတယ်။

ကျွန်တော့် ဖေဖေရဲ့ ဆေးပြင်းလိပ်တိုတွေကို ကျွန်တော် မကြိုက်ဘူး။ နံလွန်းလို့။

ကျွန်တော့်ဖေဖေရဲ့ တိုက်ပုံအင်္ကျီ အဖြူရောင်ကိုလည်း ကျွန်တော် မကြိုက်ဘူး။ မှုသား ပြောလို့။

ကျွန်တော့် ဖေဖေရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်တွေကို ကျွန်တော် မကြိုက်ဘူး။ စာအုပ်တွေက လက်ညှိုးတွေထိုးလွန်းလို့။

ကျွန်တော့် ဖေဖေရဲ့ ဘလက်လေဘယ်လ် ဝီစကီကိုလည်း ကျွန်တော် မကြိုက်ဘူး။ မွှေးနေလို့။

❀ ❀ ❀

# [ ၂ ]

အားပါးပါး... အရမ်းအလုပ် လုပ်တဲ့ ကျွန်တော့်မြို့ပဲ။ ပျင်းစရာကောင်းအောင်ကို အလုပ်လုပ်ကြတာ။

သရွေးတွေကလည်း အလုပ်သမားတွေလိုပဲ အလုပ် လုပ်ကြတာ။

ကျွန်တော့် ဖေဖေဆိုရင် အင်ဂျင်လည်း ဝင်နိုက်တာပဲ။ အလုပ်သမား တွေလည်း ညွန်ကြားတာပဲ။ ချည်ထုပ်ပုံကြီးနဲ့ အထည်ပုံကြီး ကြားထဲမှာလည်း အဖေ နစ်မြုပ်နေတာပဲ။ ဆန်နီ ပစ်ကပ်ဘာစ်စီးနဲ့ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ပြေးနေတတ်သလို ဂရန်ဒီ မတ်ခ်တူးနဲ့လည်း ဖေဖေ လှုပ်ရှားနေတာပဲ။

တိုက်ကြီးတစ်လုံးထဲမှာ ကျွန်တော့် ဖေဖေ အလုပ်များနေတာကို ကျွန်တော်က ကြည့်ရင်း အူထဲမှာ ယားကျိယားကျိ ဖြစ်လာတယ်။

အဲလို အူထဲ ယားကျိ ယားကျိ ဖြစ်တဲ့အခါ ကျွန်တော်က လမ်းပေါ်က လက်ဖက်ရည်ဆိုင်ကို ထွက်လာတတ်တယ်။

လက်ဖက်ရည်ချိုပေါ့ကျ တစ်ခွက်နဲ့၊ စီးကရက် တစ်လိပ်နဲ့ သီချင်းနဲ့ ငြိမ့်နေလိုက်တယ်။

ဟော ဖေဖေ ဆန်နီပစ်ကပ်နဲ့ လမ်းပေါ်မှာ 'ဝူး'ဆို မောင်းသွားတာ ကျွန်တော် တွေ့လိုက်ရတယ်။

ကျွန်တော့်ဘာသာ အပြင်ထွက်ပြီး လက်ဖက်ရည်ချိုပေါ့ကျနဲ့ စီးကရက်နဲ့ သီချင်းနဲ့ အေးအေးဆေးဆေး ငြိမ့်နေ တာကိုလဲ 'ဝူး'ဆိုတဲ့ ဆန်နီပစ်ကပ်ရဲ့ အသံက ကျွန်တော့်ကို အူတွေ ယားကျိယားကျိ ဖြစ်အောင် လုပ်သေးတယ်။



ညနေစောင်းပြီဆိုရင် ဖေဖေက ဂေါက်ကွင်းကို သွားတယ်။ ကျွန်တော် လိုက်ကြည့်ဖူးပါတယ်။ ဂေါက်သီးကို ချက်ချင်း ရိုက်မထည့်ဘဲ ဂေါက်ရိုက်တံကြီးနဲ့ ကြီးကြီးကျယ်ကျယ် ချိန်ဆနေတဲ့ ဖေဖေ့ မျက်နှာပေါ်က တင်းတင်းမာမာ အရေးကြောင်းလေးတွေကို ကြည့်ရင်း ကျွန်တော်ကလေ သနားတယ်။ ဖေဖေ့ကို သနားတယ်။

ဂေါက်တံနဲ့ ဂေါက်သီးလေးကို တစ်ချက်ရိုက်ဖို့အရေး ကမ္ဘာကြီးကို ရိုက်တော့မလို ဖေဖေ ချိန်ရွယ်နေသေးတယ်။

ဟော ရိုက်ထည့်လိုက်ပြီ။

ဘယ်တော့မှ ကျင်းထဲ ဝင်တယ်ကို မရှိဘူး။ လွဲချော်။ ဩော် ကျွန်တော့် ဖေဖေရဲ့ ကြီးကြီးကျယ်ကျယ် ချိန်ရွယ်မှုဟာ ဒီလိုဒီလို လွဲချော်တာ ထုံးစံပဲ ထင်ပါရဲ့။

အဲဒီအချိန်မှာ ကျွန်တော့် ဖေဖေရဲ့ မျက်နှာကြီးက ရှုံ့မဲ့ သွားတာကို ကြည့်ပြီး ကျွန်တော်က ခွက်ထိုးခွက်လန် အူလှိုက် သည်းလှိုက် ရယ်မောပစ်လိုက်တယ်။

လူကြီးတွေရဲ့ လွဲချော်မှုကို ကြည့်ပြီး ဟားတိုက် ရယ်မောရတာဟာ ချော့ကလက်ကိတ်မုန့် စားရတာထက် ပိုအရသာ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အတောမသတ်နိုင်အောင် ရယ်မောရင်း ရယ်တာ ခဏ ရပ်လိုက်ပြီး ဖေဖေ့မျက်နှာ ဘယ်လောက် ဒီဂရီအထိ ရှုံ့မဲ့သွားသလဲဆိုတာ ထပ်ကြည့်ချင်သေးတာနဲ့ တစ်ခါ ပြန်ကြည့်မိတယ်။

ဖေဖေက မျက်မှောင်ကြီးကြုတ်ပြီး ကျွန်တော့်ကို ကြည့်နေလိုက်တာ၊ တော်တန်ရုံကောင်ဆိုရင် ကျွန်တော် အရည်ပျော်ကျ သွားနိုင်တယ်။ ဖေဖေ ကျွန်တော့်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေတာ အချိန် ဘယ်လောက် ကြာမြင့်သွားပြီလဲ မသိ။ ကျွန်တော်ကတော့ ခပ်တည်တည် နေပစ်လိုက်ပါတယ်။

တစ်နေ့မှာတော့ ကျွန်တော်ဟာ ကျွန်တော့် ဖေဖေရဲ့ ဆန်နီပစ်ကပ်ပေါ်မှာ အဖေနဲ့ ဘေးချင်းယှဉ်ပြီး ထိုင်ရင်း ကျွန်တော့်မြို့နဲ့ မိုင်အနည်းငယ်သာ ဝေးတဲ့ မြို့တစ်မြို့ကို လိုက်သွားတယ်။

'သား ပျင်းရင်လိုက်ခဲ့ကွာ'

လို့ ဖေဖေက ပြောတော့



'လိုက်မယ် ဖေဖေ'

လို့ ကျွန်တော် အော်ပြောရင်း ကားရဲ့ ရှေ့ခန်းတံခါးကို အရယားဖားယား ဆွဲဖွင့်၊ ကားတံခါးကို ဒိုင်းခနဲ ပြန်ပိတ်လိုက်တယ်။ ဆန်နီပစ်ကပ် ဆိုတော့လည်း လစ်မစ်တက်တို့ ဂရန်ဒီမတ်ခ်တွေ:တို့လိုတော့ တံခါးပိတ်သံက တိုးတိတ်ညင်သာခြင်း မရှိဘူးပေါ့။

ကျွန်တော်တို့ နယ်မြို့မှာတော့ ဆန်နီပစ်ကပ်ကား၊ ဟိုင်းလပ်နဲ့ ရှူပါရှဖ်လို ကားမျိုးပဲ အသုံးများတယ်လေ။ ကားနောက်ပိုင်းမှာ စက်ရုံထုတ် အထည်အလိပ်တွေလည်း နင့်နင့်ပိုးပိုး တင်လို့ပြုလို့ ကောင်းတာပေါ့။

ဖေဖေက ကားကို ခပ်မြန်မြန် မောင်းတယ်။

ကျွန်တော်ကလည်း လေကလေး ချွန်လို့။ ကားပေါ်မှာ ပေါ့။ ဒူးကို နှန့်လို့။

ကိုယ့်ဖေဖေ မောင်းတဲ့ ကားကလေးတစ်စီးပေါ်မှာ ကိုယ့်ဖေဖေနဲ့ အတူတူ ကားလျှောက်စီးရတာကိုက ဘယ်လောက် ပျော်ဖို့ ကောင်းလိုက်ပါသလဲ။

ကျွန်တော်ဟာ လေကလေး ချွန်လို့။ ကားပေါ်မှာပေါ့။ ဒူးကို နှန့်လို့။ ပုဂ္ဂလိက အရက်ချက်စက်ရုံကြီး တစ်ရုံကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျော်ဖြတ်လာခဲ့ပြီ။ ဘုရားစေတီ တစ်ဆူနှစ်ဆူ ကိုလည်း ကျွန်တော်တို့ ကားက ချန်ထားရစ်ခဲ့ပြီ။ အဝေးပြေးကားကို မောင်းနေတဲ့ ခရီးသည်တွေက ကျွန်တော်တို့ရဲ့ ဆန်နီပစ်ကပ် ကားကလေးကို မတားရဲပါဘူး။ သူတို့ရှေ့မှာ မြန်မြန် မောင်းသွားစဉ် ကျွန်တော်တို့ ကားနောက်မြီးကို ငေးမော ကျန်ရစ်ခဲ့ကြတာပေါ့။ လောကကြီးဟာ အဲလိုပဲ။

ကားကလေး တစ်စီးနဲ့ လမ်းဘေးက လူတွေကို လမ်းဘေးမှာပဲ ထားချန်ရစ်ခဲ့ရတာဟာ ဘယ်လောက် ပျော်ဖို့ကောင်းလိုက်သလဲ။

ကျွန်တော့် ဖေဖေက တကယ် ကားမောင်း ကျွမ်းကျင်တယ်။

ခရီးသည်တင်ကားတွေ၊ ကိုယ်ပိုင်ကားတွေ တစ်စီးပြီး တစ်စီး ကျွန်တော်တို့က ကျော်တက်ခဲ့တာပေါ့။

ကျွန်တော်နေတဲ့ မြို့က mass productionဆန်ဆန် ကုန်ထုတ်လုပ်တဲ့မြို့၊ စက်တွေ ရှိတဲ့မြို့၊ လူတွေက အလုပ်သာ အားကြိုးခန့် ဖိလုပ်ကြတာ။ အဲ့ဒီ အလုပ် လုပ်လို့ရတဲ့ ပိုက်ဆံတွေနဲ့ စားစရာ စည်းစိမ်ယူစရာ သက်သောင့်



သက်သာ နေရာလေးတစ်နေရာ ကောင်းကောင်း ရှိတာမဟုတ်ဘူး။

ဟော... ကြိုဆိုပါ၏ ကို ကျွန်တော်တွေ့ရပြီ။ ကျွန်တော့် မြို့က လူကြီးတွေက ဒီမြို့ကိုလာပြီး စည်းစိမ်ခံတယ်။

ကျွန်တော် သိတယ်။

ဒါပေမဲ့ ကျွန်တော့် ဖေဖေအရွယ် လူကြီးတွေ စည်းစိမ်ခံတယ်ဆိုတော့ ဘယ်လို ရုပ်ဝတ္ထုတွေနဲ့ ဘယ်လို အသက်ရှိပစ္စည်းတွေနဲ့လဲ။

ကျွန်တော်ကတော့ ဂစ်တာတစ်လက်ကို တီးခတ်နေရတာလည်း Feeling ပဲ။ ညဥ့်နက်သန်းခေါင် နှင်းမှုန်တွေ ထဲကနေ ငွေလဝန်းလေးကို မြင်နေရချိန်မှာ လမ်းနံဘေး အုတ်ခုံလေးပေါ်ထိုင်ပြီး ဂစ်တာတစ်လက်နဲ့ သီချင်းလေး တစ်ပုဒ်ကို ထပ်ကာထပ်ကာ အော်ဟစ်သီဆိုနေရတာကလည်း Feeling ပဲ။ ဖေဖေ့ရဲ့ ဆန်နီပစ်ကပ်လေးကို ညမှာ ဖေဖေ မသိအောင် ခိုးထုတ်ပြီး အဝေးပြေးလမ်းမကြီးပေါ်မှာ လွတ်လပ် ကြမ်းတမ်းစွာ မောင်းနှင်နေရတာကလည်း ကျွန်တော့်အတွက် Feeling ပဲ။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ချိုပေါ့ကျတစ်ခွက်နဲ့ စီးကရက် တစ်လိပ်ကို ဖွာရှိုက် လိုက်ရတာကလည်း ကျွန်တော့်အတွက် Feeling ပါပဲ။

မေမေဟာ ကားကို စားသောက်ဆိုင်တစ်ဆိုင် ရှေ့မှာ ထိုးဆိုက်လိုက်တယ်။ သိပ်ကြီးကြီးမားမား စားသောက်ဆိုင်ကြီးတော့လည်း မဟုတ်ပါဘူး။ ခပ်သေးသေး ပါပဲ။ ဆိုင်ရှေ့မှာတော့ သစ်ပင်ပန်းပင် ပုပုဝိုင်းဝိုင်းလေးတွေကို စိမ်းစိမ်းစိုစို နီနီပြာပြာ တွေ့ရတယ်။

နီနီပြာပြာ ဆိုတာက ပန်းပွင့်လေးတွေကို ပြောတာပါ။

ပန်းပွင့်လေးတွေက အနီရောင် အပြာရောင်...ချစ်စရာ လှလှပပလေးတွေလေ။

ကျွန်တော်တို့ သားအဖ ဆိုင်ထဲ ဝင်လာကြတယ်။ ဆိုင်ရဲ့ အလုပ်သမားတွေက ကျွန်တော့် မေမေကို သိနေကြပုံပါပဲ။ ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ ကြိုဆိုကြတယ်။

အင်းလေ သူတို့ကတော့ မေမေ့ကိုမှ မဟုတ်ပါဘူး။ သူတို့ဆိုင်ထဲ ဝင်လာသူ မှန်သမျှ ဒီလို ပျူပျူငှာငှာ ကြိုဆိုတာဟာ သူတို့အလုပ်ပဲ နေမှာပေါ့။



ဒါပေမဲ့ ကျွန်တော့် မေမေနဲ့ သူတို့က အကျွမ်းတဝင် ရှိနေပုံပါပဲ။ ဒါပေမဲ့ ကျွန်တော့် မေမေကတော့ သူ့ ထုံးစံအတိုင်း ခပ်တည်တည်ရယ်ပါ။

မေမေက သူ ထိုင်နေကျ သူ အထာကျတဲ့ အခန်းတစ်ခန်း ရှိတယ်ထင်ပါရဲ့။

ကျွန်တော်တို့ အဲယားကွန်းပါတဲ့ မှန်တံခါး အလုံပိတ် အခန်းတစ်ခန်းကို ယူလိုက်ကြတယ်။

'ဟော့ ပီကင်းဘဲကင် တစ်ပွဲ၊ ပြည်ကြီးငါး တစ်ပွဲ၊ ပုစွန်ကင် တစ်ပွဲ၊ ရွှေပဲသီးကြော် တစ်ပွဲ၊ ဘီယာ တစ်ဘူး၊ ကိုကာကိုလာ တစ်ဘူး ခပ်မြန်မြန် ချစမ်းကွာ'

ဘီယာတစ်ဘူးရယ်၊ အချိုရည်တစ်ဘူးရယ်၊ ဘဲကင်ရယ် အရင် ရောက်လာတယ်။

ကျွန်တော်လည်း အပေနိုက်တာ မစောင့်နိုင် လောက်အောင် ဆာနေတာမို့ ဘဲကင်ကို ခက်ရင်းနဲ့ ထိုးဆွဲပြီး ခပ်မြန်မြန် ပါးစပ်ထဲ ပစ်ထည့်လိုက်တယ်။ ချိုလိုက်တဲ့ ဘဲကင်၊ နောက်ပြီး လျှာပေါ်မှာ အရည်ပျော်ကျသွားတယ်။

ဘဲကင်ကို သုံးကြိမ်လောက် ခက်ရင်းနဲ့ ထိုးဆွဲပြီး ကျွန်တော် စားနေမိတယ်။ တော်တော် နူးညံ့ ချိုမြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူများရဲ့ အသားကို စားရတာများ သိပ်အရသာ ရှိတာပဲ။ ပြီးတော့မှ သက်သောင့်သက်သာနဲ့ နေသာထိုင်သာ အတော် ရှိသွားမှ ကျွန်တော်ဟာ ကိုကာကိုလာ ဖျော်ရည်ကို မော့သောက်နေမိတယ်။

မှန်တံခါးကို တစ်စုံတစ်ယောက်က တွန်းဖွင့်ပြီး အခန်းထဲ ဝင်လာတယ်။

စားပွဲထိုးဆိုရင် စားပွဲဘေးမှာ မတ်တတ်ရပ်ပြီး ဟင်းပန်းကန် လာချရမှာပေါ့။

နောက်ပြီး စားပွဲထိုးရဲ့ ရှူးဖိနပ်အသံ မဟုတ်ဘူး။ ခွာမြင့်ဖိနပ်ရဲ့ အသံ။ ခွာမြင့်ဖိနပ်နဲ့ အုတ်သမံတလင်း ထိသံဟာ...

တောက်

တောက်

တောက်

တောက်

နဲ့။

တစ်ခန်းလုံးမှာလည်း ရေမွှေးနံ့တွေ ထုံယစ်လို့။

အမျိုးသမီးတစ်ယောက်ပါ။



ကျွန်တော့် ဖေဖေနားက ကုလားထိုင် အလွတ်မှာ ရွှေ့ခနဲ ဝင်ထိုင်လိုက်ပုံက ကျွန်တော့်ထက်တောင် ပိုင်ပိုင်နိုင်နိုင် ရှိလှတယ်။

သူဟာ ကျွန်တော့်ထက်တောင်မှ ဖေဖေ့ကို ပိုင်နိုင်ပုံပဲ။

ကျွန်တော့် ဖေဖေနဲ့ ကျွန်တော် ထမင်းလက်ဆုံ စားရတာကို ကျွန်တော် ကျေနပ်နေတုန်းမှာ သူ ရောက်လာတယ်။

ကျွန်တော် ခပ်ချဉ်ချဉ် ဖြစ်သွားတယ်။ ဖေဖေ့မျက်နှာကို ကျွန်တော် ကြည့်လိုက်တယ်။

ဖေဖေ့မျက်နှာကလည်း ကျောက်ကျောတုံးရဲ့ အပေါ်ယံ မျက်နှာပြင်လိုပဲ။

အေးစက်။

တင်းမာ။

ချောမွတ်။

စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်တဲ့ ကျွန်တော့် ဖေဖေဟာ ဒီအမျိုးသမီး သူ့အနား ဝင်အထိုင်မှာ ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသား မချနိုင်တဲ့ ခပ်တုံးတုံး ခပ်ထုထု လူတစ်ယောက်လို ဖြစ်လို့။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဘီယာဘူးကို စားပွဲပေါ် ချတယ်။ ခက်ရင်းကို ကောက်ကိုင်ပြီး ဘဲကင်ကို ထိုးဆွနေတယ်။

ဘဲကင်,အသားနှစ်ဖတ်ကို သူ့ပါးစပ်ပေါက်ဆီ သယ်ယူနေတယ်။

ဘဲကင်ဟာ ဖေဖေ့ပါးစပ်ထဲ ရောက်မသွားဘူး။

ဖေဖေဟာ ဘဲကင်ကို ဟိုအမျိုးသမီးရဲ့ ရဲတွတ်နေတဲ့ နှုတ်ခမ်းအဝဆီ တွန်းပို့နေပြန်တယ်။

'စားလေ'

ဖေဖေဟာ အစားအစာ တစ်ခုခုကို သူ မစားခင် ဒီအမျိုးသမီးကို ဟောဒီ အခန်းထဲမှာ ဟောဒီလိုပဲ ခွံ့ကျွေးနေကျ ထင်ပါရဲ့။

ကျွန်တော်က သူတို့ လှုပ်ရှားမှုကို close up ရိုက်ထားတဲ့ ရုပ်ရှင်ကား တစ်ကားရဲ့ ပြကွက်တစ်ခုလို ထိုင်ကြည့် နေမိပါတယ်။

ဖေဖေက ကျွန်တော် သူတို့ကို ကြည့်နေတာကို ရုတ်တရက် သတိထားမိသွားသလိုပဲ။

ကျွန်တော့်ကို ဖေဖေ ကြည့်တယ်။



ဖေဖေ့မျက်လုံးတွေက ဒီတစ်ခါတော့ လွှမ်းမိုး အနိုင်ယူတဲ့ မျက်လုံးမျိုး မဟုတ်ဘူး။

တောယုန်ကလေး တစ်ကောင်ရဲ့ လူသူနဲ့ တွေ့တဲ့ အခါ ပြူးကြောင်ကြောင် မျက်လုံးမျိုးလေး။

နောက်ပြီး ဘီစကစ်ပုံးထဲက ဘီစကစ် ခိုးစားနေတုန်း သူ့မေမေ မိသွားတဲ့ ကလေးတစ်ယောက်ရဲ့ မျက်လုံးမျိုး။

ကျွန်တော်က ဖေဖေရဲ့မျက်ဝန်းတွေကို စိန်းစိန်း ကြည့်နေမိတယ်။

ဖေဖေက မျက်နှာလွှဲ သွားတယ်။

ဖေဖေက ကျွန်တော့် မျက်လုံးတွေကို မရင်ဆိုင်ရဲသလို မျက်နှာလွှဲသွားပါတယ်။

ဖေဖေက ခက်ရင်းကိုင်ထားတဲ့ သူ့လက်တွေကို ပြန်ပြီး ရုတ်သိမ်းတယ်။

ဘဲကင်ကို ထိုးစိုက်ထားတဲ့ ခက်ရင်းကို မူလ ပန်းကန်ပေါ် ပြန်တင်ထားတယ်။

ဖေဖေ့ မျက်လုံးဟာ ပိုပြီး ပြူးကျယ်လာတယ်။

ဖေဖေ တကယ်ခံစား နေရတာလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဖေဖေ ကျွန်တော့် ရှေ့မှာ ရှုးချင်ယောင် ဆောင်ပြနေတာလား။ လူကြီးတွေက ရှုးချင်ယောင်ဆောင် တတ်တယ်။

'မင်း ဘယ်လို ရောက်လာတာလဲ'

ဖေဖေက အမျိုးသမီးကို မေးတော့

အမျိုးသမီးကတော့ ခပ်ပြုံးပြုံးပါပဲ။

သူ့ရဲ့ နှုတ်ခမ်းတွေက ပြုံးလိုက်တဲ့အခါ ပိုမို စိုစွတ် တောက်ပတာကို ကျွန်တော် သတိထားမိတယ်။

'ကားမြင်လို့ ဝင်လာတာလေ'

သူကတော့ ပိုင်ပိုင်နိုင်နိုင် အေးအေးဆေးဆေးပဲ ပြန်ပြောပါတယ်။ ပြုံးပြုံးလေးပါပဲ။ ဖေဖေ ဖြစ်နေပုံကို သူက ရယ်မောချင်နေသလားမှ မသိဘဲ။

'သူက ကိုယ့်သားလေ'

ဖေဖေ ကျွန်တော့်ကို မိတ်ဆက်ပေးဖော် ရသားပဲ။ ဒါမှမဟုတ် ဖေဖေဟာ ကျွန်တော်ပါလာကြောင်း (သား ပါလာကြောင်း) ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

'ဪ... ဪ အခုမှ မြင်ဖူးတော့တယ် ဟင်း... ဟင်း... ဟင်း...'



သူဟာ စကားအဆုံးမှာ ဟင်း ဟင်း ဟင်း လို့ ဘာပြုလို့ ရယ်တာလဲ။ ကျွန်တော် မသိဘူး။

ဒီအခန်းလေးဟာ ကျွန်တော် ရှိနေတဲ့အတွက် စကားတွေ တွန့်ဆုတ်၊ အမူအရာတွေ အေးစက်၊ လှုပ်ရှားမှုတွေ သေဆုံးနေတယ်လို့ ကျွန်တော် ခံစားလိုက်ရတယ်။

ကျွန်တော့် လက်ထဲက ကိုကာကိုလာဘူးကို စားပွဲပေါ် ကျွန်တော် ပြန်ချလိုက်တယ်။

'ကျွန်တော် သွားတော့မယ် ဖေဖေ'

'ဟေ... မင်းက ဘယ်သွားမှာတုံး'

'မြို့ထဲက ကျွန်တော့် သူငယ်ချင်းတွေဆီပါ'

'ဪ... အေး အေး မင်းဖေဖေ့ကားကို ယူသွား မလား'

'မယူဘူး ဖေဖေ၊ သူတို့အိမ်က ဒီနားလေးတင်ပါ၊ ကျွန်တော် လမ်းလျှောက်သွားလိုက်ပါ့မယ်'

ကျွန်တော် မတ်တတ် ထရပ်လိုက်ကာ

တစ်ဖက်ကို ချာခနဲ အလှည့်မှာ

'ဪ သားရေ... မင်းမှာ ပိုက်ဆံလိုဦးမှာပဲ ... ရော့ ရော့ ဖေဖေ့ဆီက ယူသွားဦး'

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ပိုက်ဆံအိတ်ထဲက ငါးရာတန် တစ်ထပ်ကို ထုတ်ယူပြီး ကျွန်တော့်ကို ကမ်းပေးနေတယ်။

ကျွန်တော် ဖေဖေပေးတဲ့ ပိုက်ဆံတွေကို မယူဘဲ (ရုပ်ရှင် ဘိုင်စကုတ်ထဲကလို) တစ်ဖက်ဆီ ချာခနဲ လှည့်ကာ ဖေဖေ့ကို ကျောခိုင်း ထွက်ခွာရမလား။

(လူငယ်တစ်ဦးရဲ့ လူကြီးအပေါ်ထားရှိတဲ့ မာနနဲ့၊ သားတစ်ယောက်ရဲ့ အဖေ့အပေါ်ထားရှိတဲ့ မာနနဲ့ပေါ့လေ။)

ဒါပေမဲ့ အဲ့ဒီ ပြကွက်မျိုးက ရုပ်ရှင်ထဲမှာပဲ ကြည့်လို့ ကောင်းတယ်။

အခု လောလောဆယ်မှာ အခု ပစ္စုပ္ပန်မှာက ကျွန်တော့် ဘောင်းဘီအိတ်ထောင်ထဲ ပိုက်ဆံမှ မပါတာ။ အိတ်ကပ် ထဲမှာ ပိုက်ဆံမရှိဘဲ မာနကြီးပြရတာ အရသာ သိပ်မရှိလှဘူး လို့ ကျွန်တော် ထင်တာပဲ။ တခြား လူတွေတော့ အိတ်ကပ် ထဲမှာ ခြူးတစ်ပြားမှ မရှိဘဲ မာနကြီးချင်ကြီးကြပေါ့။ ကျွန်တော်ကတော့ လောလောဆယ် မာနကြီးဖို့ထက် ဖောက်ခွဲချင်တယ်။

ဖောက်ခွဲတယ်ဆိုတာကလည်း လက်ထဲမှာ ပိုက်ဆံ များများရှိမှ အဲ့ဒီ ပိုက်ဆံနဲ့ ပစ်ပေါက်၊ ဖောက်ခွဲလို့ ကောင်းတာ မဟုတ်လား။



'ဟုတ်တယ် ဖေဖေ...သားမှာ ပိုက်ဆံ လိုအပ်နေ ပါတယ်'

ကျွန်တော်က ဖေဖေပေးတဲ့ ငါးရာတန်တစ်ထပ်ကို လှမ်းယူပြီး ကျွန်တော့် ဘောင်းဘီအိတ်ထဲ အသေအချာ ထည့်လိုက်ပါတယ်။

ပြီးတော့ စားသောက်ဆိုင်ရဲ့ အပြင်ဘက်ကို အသေ အချာ ထွက်လာခဲ့ပါတယ်။

ဖေဖေနဲ့ ဟိုအမျိုးသမီး အခန်းထဲမှာ ရယ်မော ပျော်ရွှင် နေချိန်မှာ ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်း တစ်ယောက်ယောက်နဲ့ ခုန်ပေါက်နေရမယ်။ အဲဒါမှ ကျွန်တော် 'တန်'မယ်။

အခုနက ဖေဖေ့အနားမှာ (စားသောက်ဆိုင် မှန်လုံ အအေးခန်းထဲမှာ) ကျွန်တော် အမှတ်မထင် မမျှော်လင့်ဘဲ ရရှိလိုက်တဲ့ ဒဏ်ရာအတွက် ထိုက်တန်တဲ့ ဆုလာဘ် တစ်ခုခု နဲ့ ကျွန်တော် လဲလှယ်ပစ်လိုက်ရမယ်။

ဒီအဖြစ်အပျက်ကလေးကို ကျွန်တော် ပြန်စဉ်းစား ကြည့်တယ်။

ဘာနဲ့ တူသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ တူသလဲ။

ဘာနဲ့ တူသလဲ။

ဟိုတစ်နေ့က ဂျာနယ်တစ်စောင်ထဲမှာ ကျွန်တော် ဖတ်ရတယ်။ ပေါ်ပြူလာလား၊ မှခင်းလား၊ နံနက်ခင်းလား၊ အလင်းတန်းလား တစ်ခုခုပဲ။

ငါးနှစ်သားလေးတစ်ယောက်ဟာ ငါးတစ်ကောင်ကို အရှင်လတ်လတ် ဝမ်းဗိုက်ထဲ မျိုချလိုက်တာတဲ့။ အဲဒီငါးဟာ ငါးနှစ်ရွယ်ကလေးရဲ့ ဝမ်းဗိုက်ထဲမှာ မသေသေးရင် ကလေး ဘယ်လို ဖြေရှင်းမှာလဲ။ လူကြီးတွေကကော ဘယ်လို ဖြေရှင်းပေးကြမှာလဲ။

ကျွန်တော့်မှာလည်း ခုန အတွေ့အကြုံဟာ ငါး အရှင် လတ်လတ် စိုစိုစိမ်းစိမ်းကို ဝမ်းဗိုက်ထဲ မျိုချ လိုက်ရသလိုပဲ။ ဘီလ်ကလင်တန်ဟာ မိုနီကာလူဝင်စကီးဆိုတဲ့ ခပ်ချောချော ကောင်မလေးကို ဘယ်မှာ ချိန်းချိန်းတွေ့ခဲ့ပါသလဲ။ သူ့ ရုံးခန်းထဲမှာပဲလား။ စားသောက်ဆိုင်မှာကော မတွေ့ကြ ဘူးလား။

ကျွန်တော့် ဖေဖေကတော့ ခုလောက်ဆို ငြိမ့်ငြေ့ ရှော့မယ်။



ကျွန်တော့်သူငယ်ချင်းဆီကို ကျွန်တော် တန်းတန်း မတ်မတ် သွားနေတယ်။

ကျွန်တော့်သူငယ်ချင်းဟာ တွတ်တွတ်မောင်လား၊ လှထွန်းအောင်လား၊ အဲဒါက အရေးမကြီးပါဘူး။ ကျွန်တော့် သူငယ်ချင်းမှာ ရူပါရုပ်တစ်စီး ရှိတယ်။ အဲ့ဒီကားကို သူ့ အဘိုးကြီးက သိပ်သုံးတာမဟုတ်ဘူး၊ ကျွန်တော့် သူငယ်ချင်း ပဲ သုံးတာ။

သူ့အိမ်ရောက်တော့ အခန့်သင့်ပါပဲ။ သူငယ်ချင်းဟာ အပေါက်ဝမှာ မတ်တတ်ရပ်ရင်း လေချွန်လို့။

'ဟေ့ကောင် အုပ်စိုးခိုင် ဘယ်က လှည့်လာတာလဲ'

'ဒီလိုပဲ ငါ မင်းဆီ တမင်လာခဲ့တာ'

'ဘာလုပ်ဖို့'

'ငါ့မှာ ခေတ်ဆီဖိုး အလုံအလောက် ပါတယ်။ ဘီယာဖိုး အလုံအလောက် ပါတယ်။ မင်းကားကို ယူပြီး ငါတို့ လျှောက်မောင်းကြမယ်။ ဘီယာ သောက်ကြမယ်။ ကားမောင်းလို့ အားရရင် ရေထဲကို ဒိုင်ဗင် ထိုးချကြမယ်။ ရေကူးကြမယ်။ ပြီးတော့ ဘီယာ ပြန်သောက်ကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အိုကေ သူငယ်ချင်း အဲဒီအတွက်ဆို အမြဲတမ်း အဆင်သင့်ပဲ'

ကျွန်တော်ဟာ သူ့ကားကို မြို့အပြင်ကို လျှောက်မောင်း နေမိတယ်။ အဝေးပြေး လမ်းမပေါ်လည်း ကျွန်တော်မောင်းတယ်။ အနီးနားမြို့တွေတောင် ကျွန်တော်တို့ ရောက်သွားတယ်။ နောက်ပြီး တောင်တန်းတွေဆီ မောင်းကြတယ်။

ကားမောင်းလို့ အားရမှ ကုက္ကိုပင်ကြီးအောက်မှာ ကုက္ကိုပင်ရဲ့ အမြစ်တုံးကြီးပေါ်ထိုင်ပြီး ဘီယာဘူးတွေ ဖောက်သောက်ကြတယ်။ ပြီးတော့မှ ရေကူးကန်မှာ ရေသွားကူးကြတယ်။

ကျွန်တော် ရေကူးကန်ထဲကို ရောက်မှပဲ ကျွန်တော့် ဝမ်းဗိုက်ထဲက အရှင်လတ်လတ် ငါးကလေးဟာ 'ပလွတ်' ခနဲ ထွက်သွားပါတယ်။ ငါးကလေးဟာ ဘယ်အပေါက်က ထွက်သွားသလဲတောင် ကျွန်တော် မသိလိုက်ပါဘူး။

ဖခင်နဲ့သားဟာ မေတ္တာတရားကို ထွန်းညှိပြီး နေ့လယ်စာ စားမလို့ လုပ်တုန်း ဟိုမိန်းမရဲ့ ဒေါက်ဖိနပ်ဟာ ကျွန်တော့်ကို ကန်ထုတ်လိုက်တယ်။ အဲလို ခံစားရတယ်။



အဲဒီ ဒဏ်ရာကို ပြန်လည်ချေဖျက်ဖို့ ကျွန်တော်ဟာ ကားမောင်းတယ်၊ ရေကူးတယ်။

ဒဏ်ရာအနာတရ ဖြစ်တိုင်းမှာ သူ့ကို ကုဖို့ ဆေးဝါးဆိုတာ ရှိမယ်။ ဒဏ်ရာကို ပြန်လည် အစားထိုးဖို့ အသားမျှင်တွေလည်း ရှိမယ်။

အဲဒီလို ကျွန်တော် နားလည်လိုက်မိတယ်။ မှန်သလား။ လမ်းမကြီးပေါ်မှာ ကားမောင်းရတာဟာ ပျော်စရာ ကောင်းတယ်။ ရေကူးကန်ထဲ ရေကူးရတာလဲ ပျော်စရာ ကောင်းတာပဲ။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

ကျွန်တော့် ဆီမှာ ဆက်တယ်လိုက် တယ်လီဖုန်း မရှိဘူး။ ကမ္ဘာ အရပ်ရပ်ကို အလွယ်တကူ အဆက်အသွယ် လုပ်လို့ရတဲ့ ဆက်တယ်လိုက် တယ်လီဖုန်းလေ။ အဲ့ဒါ မရှိဘူး။

အဲ့ဒီ တယ်လီဖုန်းသာ ကျွန်တော့်မှာ ရှိရင် အမေရိကန် ပြည်ထောင်စုမှာ ရှိတဲ့ မိုနီကာ လူဝင်စကီးကို ဖုန်းလှမ်းဆက်။ ဘယ်မှာလဲ။ ဘယ်လိုလဲ။ မချော အခု ဘာတွေ လှုပ်ရှားနေသလဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ တယ်ရီယာ ခွေးကလေး တစ်ကောင် ရှိတယ်။အမွေးစုတ်ဖွား ခွေးအဖြူလေးလေ။ ခွေးကလေးရဲ့ နာမည်က မစ်ကီတဲ့။ မစ်ကီလို့ နာမည်မှည့် ဖြစ်တာကလည်း ဟိုတုန်းက မင်းသား Micky Rouge ကို ကျွန်တော် ကြိုက်လို့ပါ။ အဲ့ဒီမင်းသား သရုပ်ဆောင်တာက သွေးအေးအေး မှုန်တေတေလေ။ ကျွန်တော်က အဲ့ဒီ ဒီဇိုင်းကို ကြိုက်တယ်။ အဲ့ဒါကြောင့် ကျွန်တော့်ခွေးကလေးကို မစ်ကီလို့ နာမည်မှည့်ခဲ့တာ။

ခွေးကလေးက Micky Rouge လိုတော့ မဟုတ်ဘူး။ ပြေးလိုက်လွှားလိုက်၊ ဆော့ကစားလိုက်၊ ခုန်လိုက်ပေါက်လိုက်နဲ့ မျောက်လွှဲကျော် မဖြစ်လာဘဲ ခွေးဖြစ်လာတာ ကျွန်တော် အံ့တောင်အံ့ဩတယ်။

ဒါပေမဲ့ မစ်ကီကို ကျွန်တော် ချစ်ပါတယ်။

မစ်ကီကို ကျွန်တော် ချစ်တာကလည်း ကျွန်တော့် မေမေရဲ့ အငွေ့အသက်တွေက ကျွန်တော့် ကိုယ်ခန္ဓာပေါ် လွှမ်းခြုံတွယ်ငြိလို့ပါ။

ဩော် ကျွန်တော့်မေမေက ဆုံးသွားပြီလေ။ နလုံးရောဂါနဲ့ မေမေ ကွယ်လွန်ခဲ့တာပါ။



ကျွန်တော့် မေမေရှိတုန်းကဆို မေမေက တယ်ရီယာ စုတ်ဖွားခွေးလေးတွေကို ဟအား ချစ်တတ်တာ။ မေမေ့မှာ တယ်ရီယာ ခွေးလေးတွေ အများကြီးပဲ ရှိတယ်။ မေမေ့ရဲ့ ခွေးလေးတွေက ချောကလက် ကြိုက်တယ်၊ ပန်းသီး ကြိုက်တယ်။ အမဲသား ကြိုက်တယ်၊ ဟမ်ဘာဂါ ကြိုက်တယ်၊ ဒင်မ်ဆမ် ကြိုက်တယ်။ နောက်ပြီး တစ်နေ့တစ်ခါ ခွေးလေးတွေကို ရေချိုးပေးရတယ်။ ခွေးလေးတွေက ရေချိုးရင်လည်း ကာမေဆပ်ပြာမွှေးနဲ့ တိုက်ပေးမှ ကြိုက်တာ။ တခြားဆပ်ပြာနဲ့ တိုက်ရင် ခွေးလေးတွေက 'ဝုတ် ဝုတ်'လို့ ဟောင်တော့တာပဲ။

မေမေကတော့ ခွေးလေးတွေအပေါ် တကယ် စိတ်ရှည်ပါတယ်။ ခွေးလေးတွေအတွက် ကာမေဆပ်ပြာကို ဒါဇင်လိုက် ဝယ်ထားတယ်လေ။

မေမေ ဆုံးခါနီးမှာတော့ ကျွန်တော့် မေမေဟာ ကျွန်တော့်ကို စကားတစ်ခွန်းပဲ မှာသွားခဲ့တယ်။

'သားရေ...ခွေးလေးတွေကို မေမေ ချစ်သလိုပဲ သားက ဆက်ချစ်ပါ'

တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို မေမေက ပြောသွားခဲ့တယ်။ သားရေ...မင်း ဖေဖေ စကားကို နားထောင်နော်လို့ မပြောဘဲ ခွေးလေးတွေကို ဆက်ချစ်လို့ ဘာပြုလို့ မေမေ ပြောတာလဲ မသိဘူး။

မေမေ ကွယ်လွန်ပြီး နောက်ပိုင်းမှာတော့ မေမေ့ရဲ့ တယ်ရီယာ ခွေးလေးတွေဟာ ညညဆိုရင် မေမေ့ ခုတင်ပေါ် တက်တက်အိပ်တိုင်း ဖေဖေက ခြေထောက်နဲ့ ကန်ကန်ချတယ်။

ခွေးလေးတွေကို မေမေ့လိုပဲ ကျွန်တော် အမဲသား ကျွေးတယ်။ ဟမ်ဘာဂါ ကျွေးတယ်။ ချောကလက် ကျွေးတယ်။ မေမေလိုပဲ ကာမေဆပ်ပြာမွှေးနဲ့ ခွေးလေးတွေကို ကျွန်တော် ရေချိုးပေးပါတယ်။ တစ်ခုရှိတာက မေမေလိုတော့ နေ့တိုင်း နေ့တိုင်း ခွေးလေးတွေကို ရေချိုးမပေးဖြစ်ဘူး။

ကျွန်တော်က ပျင်းတာကိုး။

ခွေးကလေးတွေ အပေါ်မှာ ကျွန်တော် မေမေလောက် စိတ်မရှည်တာတော့ အမှန်ပဲ။

မေမေ ကွယ်လွန်ပြီး တစ်လခွဲ အကြာမှာ ခွေးကလေးတွေဟာ တစ်ကောင်ပြီးတစ်ကောင် သေသွားပါတယ်ဗျာ။



ကျွန်တော့်မှာ အပြစ်ရှိသလား။

မေမေ့ရဲ့ ခွေးကလေးတွေ သေသွားခဲ့တဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိသလား။

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

ကျွန်တော် စဉ်းစား ကြည့်တာကတော့ ကျွန်တော်လည်း ယောကျ်ားတစ်ယောက်ပဲ၊ ဖေဖေလည်း ယောကျ်ား တစ်ယောက်ပဲ။ ကျွန်တော့် အသက်က ၂၁ နှစ်၊ ဖေဖေ့ အသက်က ၅၁ နှစ်။ ကျွန်တော်တို့ နှစ်ယောက်မှာ ဘယ်သူက ပိုပြီး သွေးသား အင်အား ကောင်းပါသလဲ။ ယောကျ်ား တစ်ယောက်ဆိုမှာ မိန်းမ တစ်ယောက် အမြဲ လိုအပ်သလား။ ဖေဖေနဲ့ ကျွန်တော်ဟာ ဘယ်သူက ပိုပြီး မိန်းမ တစ်ယောက်ကို လိုအပ်နေပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကွယ်လွန်ပြီး ဖြလခွဲ အကြာမှာပဲ ဖေဖေက နောက်ထပ် အိမ်ထောင်ပြုလိုက်ပါတယ်။

'ဟော့ကောင် အုပ်စိုးခိုင် ရှေ့လဆန်း ၁ ရက်နေ့မှာ ဖေဖေ မိန်းမယူတော့မယ်ကွ'

'ဗျာ'

ကျွန်တော့် ဖေဖေက တည့်ကြီး ချတာပဲဗျာ။ တကယ့်ကိုပဲ ပေါ်တင်ကြီး။ သူဟာ လုံးဝ ဆုံးဖြတ်ချက်ချပြီး စီစဉ်ပြီးမှ ကျွန်တော့်ကို မပြောမဖြစ် ဖွင့်ပြောတာလေ။ တကယ်ဆို သားရေ ဖေဖေ နောက်အိမ်ထောင်ပြုရရင် ကောင်းမလား။ သားက မပြုစေချင်သေးရင်လဲ ဖေဖေ အိမ်ထောင် မပြုသေးပါဘူးကွာ။ ဖေဖေ့သားလေးနဲ့ပဲ ဖေဖေ နေမှာပေါ့။ ဘာညာ...

အဲလိုလေး အင်ထရိုလေး ဘာလေးနဲ့ ဒီဇာတ်လမ်းလေးကို မစသင့် မပျိုးသင့်ဘူးလားဗျာ။

အခုတော့ ကျွန်တော့် ဖေဖေက တည့်ကြီးဗျာ။ ဖွင့်ချလိုက်တာ။

'ရပါတယ် ဖေဖေရယ်။ ဖေဖေတို့က လူကြီး မဟုတ်လား။ နောက်ပြီး ဒီစက်ရုံကြီးကို ပိုင်ဆိုင်တာ စီမံခန့်ခွဲ



တာကလည်း ဖေဖေပဲ မဟုတ်လား။ ဘာမဆို လုပ်ပိုင်ခွင့်ရှိနေတဲ့ ဖေဖေဟာ မိန်းမတစ်ယောက်ကို ကောက်ယူလိုက်ရာမှာလည်း အဲ့ဒီ လုပ်ပိုင်ခွင့်ထဲက စာကြောင်းလေး တစ်ကြောင်းပေါ့။ မဟုတ်ဘူးလား ဖေဖေ...။

ဒါပေမဲ့ ကျွန်တော်က နည်းနည်းတော့ ဖေဖေ့ကို အတွန့်တက်ချင်သေးတယ်။

ဖေဖေ့ကို ကျွန်တော် ဈေးဆစ်ကြည့်ချင်သေးတယ်။

'ဟာဗျာ... ဖေဖေကလည်း မေမေဆုံးတာမှ ပူပူနွေးနွေး ရှိသေးတာပဲ'

'ခြော် ငါ့သားရယ် ပူနွေးပြီးသား ယောကျ်ားတွေဟာ ပူနွေးမှုကို အလျှဉ်မပြတ်စေရဘူးကွ။ ဖေဖေ့အတွက် တကယ်လိုအပ်နေလို့ပါကွာ။ မင်းလည်း တစ်နေ့ကျ နားလည်လာမှာပါ'

ဖေဖေရဲ့ အကြောင်းပြချက်က မဆိုးပါဘူး။

ပူနွေးပြီးသား ယောကျ်ားတွေဟာ ပူနွေးမှုကို အလျှဉ်မပြတ်စေရဘူးတဲ့။

အေးလေ ကျွန်တော်ကတော့ ကျွန်တော့် ရင်ထဲမှာ မီးဖိုတစ်ဖိုမှ မဖိုခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပူဆွေးမှုဆိုတာ ဘယ်လို နားလည်လိမ့်မလဲ။

ဖေဖေ့ ရင်ထဲမှာတော့ မီးပို ဘယ်နှစ်ပိုတောင်မှ ကျွမ်းမြိုက်လောင်နေသလဲ မသိဘူးနော်။

❦ ❦ ❦

[၁]

ကျွန်တော့် ဖေဖေ ယူတဲ့ မိန်းမဟာ ဟို စားသောက်ဆိုင် အအေးခန်း ထဲမှာ ကျွန်တော်နဲ့ ဆုံတဲ့ မိန်းမလို့ ကျွန်တော်က ထင်ခဲ့တာ။

ဒါပေမဲ့ မဟုတ်ဘူး။

အဲ့ဒီမိန်းမ မဟုတ်ဘူး။

အခု ဖေ ဖေ ယူလိုက်တဲ့ မိန်းမဟာ အနေအထိုင် ပိရိသိပ်သည်းတယ်။ သူရဲ့ ဦးနှောက်ထဲမှာ ဘာတွေ ရှိနေတယ် ဆိုတာ ကျွန်တော် မသိအောင် သူ နေတတ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ နေထိုင်ပြုမူ လှုပ်ရှားမှုတွေဟာ ကျွန်တော်နဲ့ တစ်ကြိမ်တစ်ခါမှ ထိပ်တိုက် မတိုးခဲ့ပါဘူး။ သူ စာတတ်တယ်လို့ ပြောရမှာပေါ့။

သူနဲ့ ကျွန်တော်အကြားမှာ တစ်ကြိမ်မျှ ပြဿနာ မဖွေးဖွားခဲ့သလို တစ်ကြိမ်မှလည်း နွေးထွေး ပွင့်လင်းတဲ့ မိတ်ဆွေဆန်မှုမျိုး မရှိခဲ့ဖူးဘူး။

ကျွန်တော့်ဖေဖေ နောက်မိန်းမ ယူတာကို ကျွန်တော် မကန့်ကွက်ပါဘူး။ ကန့်ကွက်လို့လည်း ဘာမှ ပြောင်းလဲမှာ မဟုတ်ပါဘူး။ ကမ္ဘာကြီးဟာ လည်ပတ်ရွေ့လျား နေသလိုပဲ ဖေဖေကလည်း သူလုပ်ရမယ့် အလုပ်ကို ရွေ့လျားလည်ပတ် စေမှာပါ။ တစ်မိနစ် ရပ်ဆိုင်းထားမှာ မဟုတ်ဘူး။ ကျွန်တော် မကန့်ကွက်ခဲ့ပေမယ့် ရင်ထဲမှာ ယားကျိယားကျိ ဖြစ်တာ တော့အမှန်ပဲ။

ခင်ဗျားကော ခင်ဗျားအဖေ နောက်မိန်းမယူသွားရင် ဒီလိုပဲ ဘာသိဘာသာ နေမှာလား။

ကျွန်တော်ကတော့ ရင်ထဲမှာ ယားကျိကျိ ဖြစ်ပေမယ့် ဘာသိဘာသာပဲ နေခဲ့ပါတယ်။



ဖေဖေနဲ့ကျွန်တော်ကတော့ လွဲခဲ့တာတွေ လွဲနေတာတွေ အများကြီး ရှိပေါ့ဗျာ။

ဖေဖေက မြန်မာသီချင်းဟောင်းတွေကို ကြိုက်တယ်။

ကျွန်တော်က ခပ်ပြင်းပြင်း ခပ်ဆူဆူ ခေတ်ပေါ် နိုင်ငံခြား သီချင်းတွေကို ကြိုက်တယ်။

ဖေဖေ မြန်မာ သီချင်းဟောင်းတွေကို ကြိုက်တာကို ကျွန်တော် မကန့်ကွက်ပါဘူး။ ဖေဖေ မြန်မာသီချင်း ဟောင်းတွေ ကြိုက်တာဟာ ဖေဖေ နောက်မိန်းမ ယူသလောက်လည်း အရေးမပါပါဘူး။ ကျွန်တော့်ကိုလည်း မထိခိုက်ပါဘူး။

ဒါပေမဲ့ ဖေဖေ နောက်မိန်းမယူတဲ့အတွက် ကျွန်တော့်တို့ သားအဖဟာ အတွင်းစိတ်ကနေ တစ်ယောက်အပေါ် တစ်ယောက် အပြစ်မြင်လာကြတယ်လို့တော့ ကျွန်တော် ထင်တယ်။

ဖေဖေကော ကျွန်တော်ကော သိပ်ပြီး စိတ်မရှင်းလင်းကြဘူး။ ဖေဖေယူထားတဲ့ မိန်းမဟာ ကျွန်တော့်မေမေ မဟုတ်ဘူး။ ကျွန်တော့်မေမေရဲ့ ရာထူးကို ဝင်လုယူထားတဲ့ မိန်းမလို့ ကျွန်တော်က ခံစားမှု နည်းနည်းရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း သူ့လိပ်ပြာသူ မလုံခြုံချင်ဘူး။ ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့သူဟာ ကိုယ့်ကို အခြားလူက လက်ညှိုးထိုးမှာ စိုးရိမ်ပြီး ကိုယ်ကဦးအောင် တစ်ဖက်သားကို လက်ညှိုးပေါင်း တစ်သောင်းထိုးပြီး ကျယ်လောင်ကျယ်လောင် လုပ်တာမျိုး တွေရှိတယ်လေ။

ကျွန်တော်ဟာ ကက်ဆက်ကြီးတစ်လုံးနဲ့ CELINE DION ရဲ့ THE REASON ကို ကျယ်ကျယ်ကြီး ဖွင့်ပြီး feel တွေတက်နေချိန်မှာ မေမေက ဖြုန်းဖြုန်းဒိုင်းဒိုင်းနဲ့ ကျွန်တော့်အခန်းထဲ ဝင်ချလာတယ်။

'ဟေ့ကောင် အုပ်စိုးနိုင်...မင်းက ဘာကောင်လဲကွ မင်းက ဒီ အင်္ဂလိပ်စာသားတွေကို နားလည်လို့လား၊ ဒီလို ဆူဆူညံညံ အသံတွေကို နားထောင်တဲ့အတွက် မင်းမှာ ဘာအဓိပ္ပာယ် ရှိသွားသလဲ'

မေမေက အဲလို ကျွန်တော့်အခန်းထဲ ဝင်ပြီး free kick ကြီး kick ထည့်တော့တာပဲ။

ဂီတမှာ လူမျိုးကန့်သတ်ချက် ရှိသလား။

ဂီတမှာ ဘာသာစကား ကန့်သတ်ချက် ရှိသလား။



သီချင်းစာသားတွေ လုံးစေ့ပတ်စေ့ နားမလည်ပေမယ့် အဲ့ဒီသီချင်းက ပေးတဲ့ ခံစားမှုကို ကျွန်တော် ရနေတယ်။ ကျွန်တော်ရလို့သာ ကျွန်တော် feel တက်နေတာပေါ့။ ကျွန်တော်သီချင်းက ဘာမှ မရရင် feel တက်ပါ့မလား။

ဒါကို ကျွန်တော့် မေမေနားလည်အောင် ကျွန်တော် ဘယ်လို ပြန်ပြောရပါ့မလဲ။ ကျွန်တော် မြန်မာလို ပြန်ပြောတဲ့ ဘာသာစကားကို မေမေ နားလည်ပေးလို့ ရမှာလား။

လွဲတာက ဘာသာစကား မဟုတ်ဘူး။

လွဲတာက ခံစားမှု ဖြစ်နေတယ်။

ခံစားမှုချင်း လွဲရင် သွားကြရော။

နောက်ပြီး အဓိပ္ပာယ်တဲ့။

မင်းမှာ ဘာအဓိပ္ပာယ် ရှိသွားသလဲတဲ့။

မေမေ့မေးခွန်းကို ဖြေပါတယ်။

မေမေ့မေးခွန်းကကော အဓိပ္ပာယ် ရှိပါသလား။

ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိနေတဲ့ ကိစ္စဟာ ကျွန်တော့် မေမေအတွက် အဓိပ္ပာယ် ရှိချင်မှ ရှိမှာပေါ့လေ။ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ရင်ထဲက သွေးတွေဟာ ခံစားမှုတစ်ခုနဲ့ ဆူပွက်နေချိန်မှာ အဲ့ဒီ သွေးရဲ့ ဆူပွက်မှုနဲ့ ဒီဂရီ တူညီတဲ့ သီချင်းတွေကို ကျွန်တော် ဖွင့်ပြီး နားထောင်တယ်။

ဒါဟာ ကျွန်တော့်အတွက် အဓိပ္ပာယ် ရှိမှုပါပဲဗျာ။

ဒါပေမဲ့ အဖေ့ကို ကျွန်တော် ဘာမှ ခွန်းတုံ့ မပြန်ခဲ့ပါဘူး။

ဖေဖေ နောက်အိမ်ထောင်ပြုလိုတဲ့ သွေးများကို ကျွန်တော် နားလည် လက်ခံလို့ရပါတယ်။

တကယ် နားလည် လက်ခံလို့ရတယ်။

ကျွန်တော့်အဖို့ ဝမ်းနည်းစရာ ကောင်းတာက ခံစားမှု တစ်ခုနဲ့ ဆူပွက်နေတဲ့ ကျွန်တော့်ရဲ့ သွေးတွေကိုတော့ ကျွန်တော့်ဖေဖေက နားလည်ဖို့ တစ်ခါမှ မကြိုးစားခဲ့ဘူး။

ဒါပေမဲ့ ဖေဖေ... သားဟာ ဝမ်းနည်း ကြေကွဲစရာ ကိစ္စရပ်တွေနဲ့ ကြုံကြိုက်ရင်တောင်မှ ပျော်စရာကောင်းအောင် တစ်စုံတစ်ရာနဲ့ ပြောင်းလဲ အစားထိုးပြီး နေတတ်ခဲ့ပါတယ်။

အဲ့ဒါ သားရဲ့ အလေ့အကျင့်ပါ ဖေဖေ။

လောကကြီးဟာ ရယ်စရာကြီးပါ ဖေဖေရယ်။

အဲ့ဒီလို ရယ်စရာတွေနဲ့ ဖွဲ့စည်း တည်ဆောက်ထားတဲ့



လောကကြီးထဲမှာ ကျွန်တော့် ဖေဖေဟာလည်း တကယ့် ရယ်စရာကောင်းတဲ့ လူကြီးတစ်ယောက်အဖြစ် ရှင်သန်နေပါပကော။

ဖေဖေဟာ ရယ်စရာ လူတစ်ယောက်ရဲ့ ရုပ်ပုံ ပိုမို ပီသဖို့အတွက် နက်စ် ကော်ပီတွေ၊ ပေါင်မုန့် ထောပတ်သုတ်တွေ၊ ဟမ်ဘာဂါတွေ၊ ဆင်းဒဝစ်တွေ၊ ဝီစကီ အရက်တွေ၊ စီးကရက်တွေက ဖေဖေ့ အသွေးအသားတွေကို သွန်းလောင်း အားဖြည့်ပေးခဲ့ပေါ့။

ဒီကမ္ဘာမှာ ရယ်စရာတွေ များများလုပ်ပါ ဖေဖေ။

ဖေဖေတို့ လူကြီးတွေရဲ့ ရယ်စရာ အပြုအမူတွေကို သားတို့ ထိုင်ကြည့်ပြီး သားတို့ ရယ်မောနေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

ညှို့ခန်းထဲမှာ ဗီဒီယိုကြည့်တဲ့ နေရာမှာတော့ ပြဿနာရယ်။

ဒီလိုလေ အကြိုက်ချင်း မတူကြဘူးပေါ့။

ဗီဒီယို ကြည့်တဲ့ နေရာမှာလည်း ကျွန်တော့် ဖေဖေက ရယ်ရ ပြန်ပါရော။ (ကျွန်တော့်အတွက်) ဖေဖေကလေ တကယ်ပဲ။ သူ့မိန်းမက ခရမ်းသီးတစ်လုံးကို ကိုင်ပြီး-

'အစ်ကိုကြီးရေ ယောဒီမှာ ပန်းသီးလေး ချစ်စရာလေး နော်' လို့များ ပြောရင်-

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခရမ်းသီးကို ပန်းသီးအမှတ်နဲ့ တခြွမ်းခြွမ်း ကိုက်စားမှာ သေချာတယ်။

ဖေဖေ အရင်တုန်းက မြန်မာ ဗီဒီယိုကားတွေကို ဒီလောက် မကြိုက်ပါဘူး။

အခုတော့ သူ့မိန်းမကြိုက်တဲ့ မြန်မာ ဗီဒီယိုမင်းသား ငယ်ငယ်ချောချောလေးတွေကို

'ကောင်းတယ်ကွ၊ ဒီကောင်လေးဟာ သိပ် အလား အလာ ရှိတဲ့ ကောင်လေးပဲ၊ ကားကြီးရိုက်ရင် ဒီကောင်လေး အကယ်ဒမီရမှာ သေချာတယ်'

ဖေဖေကတော့ လုပ်တော့မယ်။

အဲ့ဒီလိုလေ။ ကျွန်တော်က ကြိတ်ပြီး ရယ်နေမိတယ်။

အမှန်တော့ မင်းသားလေးက ဒီလောက်ကြီးလည်း သရုပ်ဆောင် ကောင်းလှတာ မဟုတ်ပါဘူး။ ရုပ်ကလေး ချောတာရယ်၊ Fancy ဒီဇိုင်းအကျႌတွေ ဘောင်းဘီတွေ ဝတ်တာရယ်။

ဒါလေးများ။

ဖေဖေက မှတ်ချက်ချရာမှာ နည်းနည်းလေး over ဖြစ်နေတာပါ။



ဖေဖေက မိုင်တွေပိုပြီး လမ်းလျှောက်လျှောက် ပြနေတာပါ။

ဗီဒီယို ကြည့်ရင်းလည်း သူ့မိန်းမက ခစ် ခစ် ခစ် ဆိုရင် ဖေဖေက ခွီး ခွီး ခွီး တဲ့။

အဲလို ရယ်ရတယ်။

သားတစ်ယောက်လုံး အနားမှာ ရှိနေတာတောင်မှ သတိထားမိပုံ မရဘူး။

ဖေဖေက မျောက်အိုကြီးတစ်ကောင်ကို ပြောင်းဖူးဖုတ် ပစ်ပေးလိုက်တဲ့အခါ လက်နှစ်ဖက်ဆုပ်ပြီး ပြောင်းဖူးစေ့တွေ အငမ်းမရ စားနေရသလိုပဲ။ ပျော်လို့။

အမှန်တော့ ဗီဒီယိုကားကို ဖေဖေ ဒီလောက် ကြိုက်လှ တာ မဟုတ်ပါဘူး။ သူ့မိန်းမ ကြိုက်တယ်ဆိုတဲ့ မင်းသား လေးကို လိုက်ကြိုက်ပြရတာကို ကြည်နူးကြည်နူး လုပ်နေ တာပါ။

ဒါကြောင့်မို့ ပြောတာပေါ့။

ရယ်ရတယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ဖေဖေရဲ့ အိပ်ချိန်ရောက်မှသာ ညဉ့်ခန်းထဲမှာ ကျွန်တော်ကြိုက်တဲ့ အခွေကို ကျွန်တော် ထိုးကြည့်တော့တာပဲ။

ကျွန်တော်ကတော့ နိုင်ငံခြား အခွေမှ ကြိုက်တာ။

အားလေ သူတို့ဘက်ကကြည့်ရင် ကျွန်တော်ဆိုတဲ့ ငနာကလည်း ရယ်စရာ ဖြစ်နေမှာပေါ့။

ဖေဖေ့မိန်းမက မြန်မာမင်းသား ငယ်ငယ်လေးတွေကို ကြိုက်သလိုပဲ ကျွန်တော်ကလည်း နိုင်ငံခြားကား ကြည့်ရာမှာ မင်းသားကို ရွေးပြီးမကြည့်ပဲ မင်းသမီးကိုပဲ ရွေးရွေး ကြည့်တတ် တာကိုး။

သူတို့ဆီမှာတော့ မင်းသမီးက အပေါ်က ဖြစ်ချင် ဖြစ်နေတာလေ။

ဒီလိုလေ ဗီဒီယိုကား မပြမီ စာတန်းထိုးရာမှာ မင်းသမီး နာမည်က မင်းသားနာမည်ရဲ့ အပေါ်ကို ရောက်ချင် ရောက် နေတတ်တာ။ ဆားဗစ်ပိုရင့်တဲ့ မင်းသမီး နာမည်ပိုကြီးတဲ့ မင်းသမီးမျိုး နေမှာပေါ့။



ကျွန်တော်က နိုင်ငံခြားမင်းသမီးကို ရွေးချယ်ပြီး ကြိုက်ရာမှာလည်း ကျွန်တော့်ထက် အသက်ပိုကြီးတဲ့ မင်းသမီးမျိုးမှ ကြိုက်နေတတ်တယ်။

ဒါဟာ ကျွန်တော့် ဖေဖေရဲ့မိန်းမအတွက် ရယ်စရာ ကောင်းနေရင်လည်း လောကကြီးဟာ ရယ်စရာလို့သာ သိဝရီ ထုတ်ထားပေတော့ပေါ့ဗျာ။

ဗီဒီယိုပြစက်ထဲမှာ ကျွန်တော်က Sleeping With The Enemy ဆိုတဲ့ အခွေကို ထိုးထည့်လိုက်တယ်။ ရန်သူနဲ့ အတူတူ အိပ်စက်ခြင်းလို့ အဓိပ္ပာယ်ရတာပေါ့။

မင်းသမီးက ကျွန်တော်ကြိုက်တဲ့ ဂျူလီယာရောဘတ် (Julia Roberts) လေ။

ဂျူလီယာရောဘတ်ရဲ့ ဘာကို ကျွန်တော် ကြိုက်တာ လဲ။

သူ့ရဲ့ နှုတ်ခမ်းပြဲပြဲလား။ (သူ့ နှုတ်ခမ်းက ထော်တော် လေးကို ပြဲတယ်။) သူ့ရဲ့ မျက်လုံး ကြီးကြီးဝိုင်းဝိုင်း တောက်တောက်ပပနဲ့ မျက်တွင်းနက်နက်လား။ သူ့ရဲ့ သရုပ်ဆောင်မှု အမူအရာလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ညည့်ခန်းထဲမှာ ကော်ဖီမစ်တစ်ကျိုက်သောက်လိုက်၊ မာလ်ဘိုရိုစီးကရက် တစ်ရှိုက်မှုတ်လိုက် လုပ်ရင်း ဂျူလီယာရောဘတ်နဲ့ ငြိမ့်နေမိပြီ။ တင်ညာရောဘတ်တို့ ဂျူလီယာရောဘတ်တို့နဲ့ လူခြေတိတ်ဆိတ်တဲ့ ညသန်းခေါင်မှာ ဝမ်းဘိုင်ဝမ်း ငြိမ့်ရတာ တကယ့် Feeling ပဲဗျာ။

Sleeping With The Enemy မှာ ဂျူလီယာရောဘတ်ရဲ့ ယောကျ်ားဖြစ်သူကိုတော့ ကျွန်တော်က မျက်စိစပါးမွေး စူးတယ်၊ သန်မာထွားကျိုင်းတယ်၊ စည်းကမ်းအရမ်း တိကျလွန်းတယ်၊ စိုးမိုးချုပ်ချယ်လွှမ်းမိုးတယ်၊ အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ရန်လိုတယ်။ အဲလို ခင်ပွန်းနဲ့ အတူတူ အိပ်စက်ရခြင်းဟာ ရန်သူနဲ့အတူ အိပ်စက်ရခြင်းပဲ။

ဟော... ဂျူလီယာရောဘတ်ဟာ သူ့ယောကျ်ားနဲ့ လှေပေါ်မှာ အတူတူရှိနေရာကနေ ရေထဲကို ခုန်ချသွားပြီ။ သူဟာ ရေထဲ ငုပ်လျှိုး ထွက်ပြေးသွားပြီ။ သူ လွတ်မြောက်ပါစေ။ ရန်သူနဲ့ အတူတူ အိပ်စက်ခြင်းမှ လွတ်မြောက်ပါစေ။



နောက်တစ်နေ့မှာတော့ သူဟာ အဝေးပြေး ကားကြီးတစ်စီးနဲ့အတူ သူ့ ပြည်နယ်တစ်ခုရဲ့ မြို့တော်တစ်မြို့ဆီ ဒိုးသွားပြီ။

ပျော်ရွှင်ပါစေ ဂျူလီယာရောဘတ်။

လွတ်လပ်ပါစေ ဂျူလီယာရောဘတ်။

ကျွန်တော်ဟာ Sleeping With The Enemy ကို ကြည့်ရင်း စိတ်ထဲက ကလေးငယ်လေး တစ်ယောက်လိုပဲ ဆုတောင်းနေမိတယ်။

ဂျူလီယာရောဘတ်ကို တင်းကျပ် ဖိစီးထားတဲ့ ပတ်ဝန်းကျင် (အတူနေ အနီးဆုံး ပတ်ဝန်းကျင်)က လွတ်မြောက်စေချင် နေမိတယ်။

ဗီဒီယိုဇာတ်ကားထဲမှာ မင်းသမီးဆိုတာ ချစ်သူတော့ တွေ့ရမှာပဲ မဟုတ်လား။

ကျွန်တော်တို့ အားလုံးလိုလိုပဲ အချစ်တွေ ဘာတွေကို ကြိုက်ကြတာပဲ မဟုတ်လား။

အချစ်နဲ့ ကော်ဖီတူသလား။

အချစ်နဲ့ စီးကရက်တူသလား။

အချစ်နဲ့ အရက်တူသလား။

www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့ အဲ့ဒါတွေ နည်းနည်းပါးပါး တူညီပြီး တော်တော်များများတော့ ကွဲလွဲမှာပဲ။

အချစ်ဟာ အချစ်နဲ့ပဲ တူမယ်လို့ ကျွန်တော် ထင်တာပဲ။

ဂျူလီယာရောဘတ်ဟာ သူ့ရဲ့ ချစ်သူ ဂီတဆရာလေး တစ်ဦးရဲ့ ကိုယ်ပိုင် စတူဒီယိုထဲမှာ ပျော်ပျော်ရွှင်ရွှင် က နေပါတယ်။

(ဂျူလီယာရောဘတ်ဟာ ခပ်မြန်မြန်ပဲ ချစ်သူ တွေ့သွားခဲ့ပါတယ်။ ဗီဒီယိုထဲမှာတော့ မိန်းမပြစ်ပြစ် ယောကျ်ားပြစ်ပြစ် ခပ်မြန်မြန်ပဲ ချစ်သူ တွေ့သွားကြတယ်။)

ဂီတဆရာလေးဟာ အခန်းရဲ့ ထောင့်ကလေး တစ်နေရာကနေ သီချင်းစက်ကို ဖွင့်ထားရင်း ဂျူလီယာရောဘတ် ကနေတာကို ငြိမ်သက်ဝင်စားစွာ မမှိတ်မသုန် ကြည့်နေပါတယ်။

ဂျူလီယာရောဘတ်ကို ရောင်စုံ ဆလိုက်မီးတွေက ရစ်ကာ ခွေကာ ကွေ့ကာ ပတ်ကာ ထိုးထားတယ်။ ဂျူလီယာရောဘတ်ဟာ ကျွန်တော်နဲ့ နီးလာလိုက်၊ ဝေးသွားလိုက်၊ သက်တံ့ကြီးပေါ်မှာ သူ ကစားလိုက်၊ မီးရေစက်တွေထဲမှာ သူမြေးလွှားလိုက်နဲ့... အိုး ကျွန်တော့် ရင်တွေခုန်လို့။



ရွှေရောင်၊ ငွေရောင်၊ အဝါနုရောင်၊ ဩမြွှော်ရောင်၊ ခရမ်းရောင်၊ အစိမ်းရောင်။

အိုး... ကျွန်တော်ချစ်တဲ့ သက်တံ့ကြီးလားကွယ်။

ဂျူလီယာရောဘတ်က ကခုန်တာလား။

သက်တံ့ကြီးက ကခုန်တာလား။

ကျွန်တော့် အသည်းနှလုံးက ကခုန်တာလား။

ကျွန်တော့် မျက်လုံးတွေက ကခုန်တာလား။

နောက်ထပ် မိနစ်အနည်းငယ် အတွင်းမှာပဲ ဂျူလီယာရောဘတ်ရဲ့ ရင်ထဲက ပန်းပွင့်တစ်ပွင့်ကို ဂီတဆရာလေးက အတင်း နမ်းမွှေးဖို့ ကြိုးစားတော့တာပါပဲ။

အဲ့ဒီ အဖြစ်အပျက်ကလေးဟာ အဲ့ဒီ အခန်းရဲ့ လှေကားအတက်အဆင်းပေါ်မှာပေါ့။

ကျွန်တော်ဟာ အသက်ရှူဖို့ မေ့နေတယ်။

ချစ်သူနှစ်ဦး နမ်းတာကို ထောင့်လေးတစ်ထောင့်က ထိုင်ကြည့်ရင် အဲသလိုပဲ အသက်ရှူဖို့ မေ့သွားသလား။

ကိုယ်တိုင်ကော ကိုယ့်ချစ်သူကို နမ်းနေရင် အသက်ဘယ်လိုရှူသလဲ။ ကျွန်တော် တွေးကြည့်ရင်း တွေးကြည့်ရင်း ခေါင်းထဲမှာ ချာချာလည်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ အချိန်မှာပဲ ဖေဖေဟာ သူ့အိပ်ခန်းတံခါးကို ဖွင့်ပြီး အပြင်ကို ထွက်လာပါတယ်။ ဧည့်ခန်းထဲကို ဝင်လာတာပေါ့။

ရေခဲသေတ္တာဆီ ဖေဖေ သွားနေတယ်။

ဖေဖေဟာ ဧဝရက် တောင်ထိပ်အထိ တက်သွားပြီး ချက်ချင်း ပြန်ဆင်းလာခဲ့တဲ့ လူလိုပဲ။ ဖေဖေ မောပန်းနွမ်းနယ်နေပုံပဲ။

ဖေဖေဟာ ပစိဖိတ်သမုဒ္ဒရာ အောက်ထဲအထိ အောက်ဆီဂျင်ဘူး ကျောပေါ်မပိုးဘဲ ငုပ်လျှိုးသွားခဲ့တဲ့ လူတစ်ယောက်၊ သမုဒ္ဒရာရေပြင်ပေါ် ဖွမ်းခနဲ ပေါ်လာတဲ့ လူ တစ်ယောက်လိုပဲ။ ဖေဖေရေအောက်ထဲမှာ ဘယ်လောက်ကြာကြာ အသက်မရှူဘဲ နေခဲ့ပါလိမ့်။

ဖေဖေဟာ ရေခဲသေတ္တာနားရောက်တော့ သူ့လက်နှစ်ဖက်ကို ခေါင်းပေါ် မြှောက်ယူလိုက်တယ်။ ဖေဖေ ဘာလုပ်မလို့ပါလိမ့်။ သြော် ဖေဖေဟာ သူ့လက်ချောင်းတွေကို သူ့ဆံပင်ပါးပါးလေးထဲ ထိုးဖွလိုက်တာကိုး။ ဘာသဘောပါလိမ့်။ အဲ့လိုပဲလေ၊ လူကြီးတွေဟာ ဘာသဘောမှမဟုတ်ဘဲ လူငယ်တွေလို စိတ်ကူးတည့်ရာ လုပ်ချင်ရာ



လုပ်တာနေမှာပေါ့။ ဖေဖေ ညနေက ဂေါက်တံနဲ့ ဂေါက်သီးကိုရိုက်ရာမှာ လွဲချော်ခဲ့သလား။ သူရည်ရွယ်တဲ့ ကျင်းထဲမှာ ဂေါက်သီးလုံးလေး (ထုံးစံအတိုင်း) စွတ်ခနဲ မဝင်ခဲ့ဘူး မဟုတ်လား။ အိုး ပြန်တွေးကြည့်တော့ ဖေဖေဟာ မိန်းမရပြီးမှ ဂေါက်သီးရိုက် မလေ့ကျင့်တာဘဲ။ အေးလေ... လူကြီးဆိုတာကလည်း ဘာမဆို အလေ့အကျင့် တစ်ခုခုရှိမှတော့ ကောင်းတာပေါ့။ ဖေဖေလည်း တစ်ခုမဟုတ်တစ်ခုတော့ လေ့ကျင့်နေမှာပေါ့။

ရေခဲသေတ္တာတံခါးကို ဖေဖေဆွဲဖွင့် လိုက်ပြီ။

ဖေဖေဟာ ရေခဲသေတ္တာထဲက အောဘီစီစတောက် သံဘူးဘီယာကို ဆွဲထုတ်လိုက်တယ်။ ဖေဖေဟာ အောဘီစီဘီယာဘူးလေးကို မျက်နှာနားအထိ ဆွဲယူပြီး တွေတွေကြီးကြည့်နေတယ်။

ကျွန်တော့် မျက်လုံးတစ်လုံးက ဂျူလီယာရောဘတ်ကို ကြည့်နေပြီး၊ ကျန်တဲ့ မျက်လုံးတစ်လုံးက ဖေဖေ့ အပြုအမူတွေကို ကျွန်တော်ကြည့်နေတယ်။

အခုအချိန်မှာ ဖေဖေဟာ ကျွန်တော့်အတွက် ဂျူလီယာရောဘတ်ထက်တောင် စိတ်ဝင်စားဖို့ ကောင်းနေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ ပို့စ်မော်ဒန် စကားပြေ ဖြစ်နေတယ်။
ဖေဖေဟာ စိတ္တဇ ပန်းချီကားကြီးတစ်ချပ် ဖြစ်နေတယ်။

My Father = Post Modern Prose
My Father = A Large Abstract Art

ဖေဖေဟာ အောဂီစီသံဘူးဘီယာလေးကို ကိုင်ကြည့်ရင်း ကြွက်အသေတစ်ကောင် ကိုင်ထားရသလို ခံစားသွားရသလား မသိဘူး။ ဖေဖေ တွန့်ဆုတ်သွားတယ်။ အောဂီစီကို ရေခဲသေတ္တာထဲ ဖေဖေ ပြန်ထည့်လိုက်တယ်။ ရေပုလင်းတစ်လုံးကို ဖေဖေ ဆွဲထုတ်လိုက်တယ်။ ဖန်ခွက်ထဲကို ရေပုလင်းထဲက ရေငှဲ့ ထည့်နေတယ်။ ကျွန်တော် ကြည့်နေတဲ့ Sleeping With The Enemy ထဲက နောက်ခံဂီတသံနဲ့ ဖန်ခွက်ထဲ ရေကျသံဟာ ရောထွေးလို့။

ဖေဖေဟာ ပင်ပန်းနွမ်းနယ်စွာ ရေသောက်နေရင်း ဖေဖေရဲ့ မျက်လုံးအကြည့်ဟာ ကျွန်တော့်ရှေ့က ဗီဒီယို ဓာတ်ကားဆီ ရောက်လာတယ်။

ဂျူလီယာရောဘတ်ကို ဖေဖေငေးသွားပြီ။

ဘာဖြစ်မလဲ။



သူ့မိန်းမကို ကွာရှင်းပြီး ဂျူလီယာရောဘတ်နဲ့ လက်ထပ်ဖို့ ကျွန်တော့်ဖေဖေ ကြိုးစားမလား။ အဲ့ဒါ အောင်မြင်ရင်တော့ **ကျွန်တော့်ဖေဖေဟာ** ကျွန်တော့်အတွက် သူရဲကောင်းကြီးပဲ။

ဆံပင်ရှည်ရှည် ဂီတဆရာလေးဟာ လှေကားထစ်ပေါ်မှာပဲ ဂျူလီယာရောဘတ်ကို ဖက်ပွေ့ပြီး ဂျူလီယာရောဘတ်ရဲ့ လည်တိုင်ကို နမ်းနေပြီ။ လည်တိုင်တစ်လျှောက်လုံး လိုက်နမ်းနေတာ။

ဂျူလီယာရောဘတ်ဆိုတဲ့ မိန်းမကလည်း အဲ့ဒီအနမ်းမှာ ခံစားမိန်းမူးနေပြီ။ ငြိမ်သက်မှေးစင်းလို့။

ကျွန်တော် စဉ်းစားကြည့်တယ်။

မိန်းမတွေဟာ အနမ်းခံရချိန်မှာ ဘယ်လို ခံစားကြရသလဲ။ ချစ်သူက နမ်းတာ မဟုတ်ဘဲ ကိုယ့်ကို ပိုင်ဆိုင်သွားတဲ့ ကိုယ်ချစ်သူ မဟုတ်တဲ့ ကိုယ့်ယောကျ်ားက နမ်းရင်ကော။ ဘယ်လို ခံစားရသလဲ။ ငြိမ်သက်မှေးစင်း တာပဲလား။ ကိုယ်ခန္ဓာထဲက မမြင်ရတဲ့ တစ်စုံတစ်ရာက ပြန်လည် ခုခံ ဆန့်ကျင် နေတတ်သလား။ ကျွန်တော်ကလည်း ဘယ်မိန်းမ ကိုမှ မနမ်းဖူးသေးတော့ မသိဘူးပေါ့။ အနမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ဗီဒီယိုဖန်သားပြင်ပေါ်မှာပဲ တွေ့ဖူးတာ မဟုတ်လား။

ဂျူလိယာရောဘတ် ရှန်းကန်ထလိုက်ပြီး

သူဟာ လှေကားအတိုင်း ပြေးဆင်းသွားတယ်။

သူ ထွက်ပြေးတယ်။

သူ မောပန်းနေတယ်။

ကျွန်တော့် စိတ်အစဉ်ကလည်း ဂျူလီယာရောဘတ် ပြေးတဲ့နောက်ကို ပြေးပြီး လိုက်နေမိတယ်။

'ဟော့ကောင် အုပ်စိုးခိုင် မင်းက တဏှာရူး လှချည်လားကွ။ ညကြီးသန်းခေါင် အချိန်မတော်မှာ မင်းက ဒီလို တဏှာရမ္မက်ကားတွေ အမြဲတမ်း ခိုးကြည့်နေကျပေါ့လေ ဟုတ်လား'

ကျားဟိန်းသံ။

ကျားဟိန်းသံ ပြီးတဲ့နောက် ဖေဖေဟာ သူ့ရဲ့ မျက်လုံးနီနီကြီးတွေနဲ့ ကျွန်တော့်ကို စူးစိုက်ကြည့်နေတယ်။

တဏှာရူးဆိုတဲ့ စကားလုံးနဲ့ ကျွန်တော့်ကို စွပ်စွဲ သတ်မှတ်လိုက်တဲ့ အပေါ်မှာ ကျွန်တော် ခံစားလိုက်ရတယ်။



ဖေဖေ့ရဲ့ စကားတွေကို ရယ်စရာအဖြစ် သတ်မှတ်ကာ ရယ်မောပစ်တတ်တဲ့ ကျွန်တော်ဟာ ဒီစကားလုံးနဲ့ ပစ်ပေါက်ခံရမှုမှာတော့ ကျွန်တော် ရယ်မောလို့ မရနိုင်ဘူး။

ကျွန်တော် ဗီဒီယိုခလုတ်ကို ပိတ်လိုက်ပါတယ်။

ဖေဖေက ရေခဲသေတ္တာထဲက ရေအေးအေးကို ဆက်သောက်နေပါတယ်။

ဖေဖေ့ရင်ထဲမှာ အေးသွားပြီလား။ ဖေဖေ့ကိုယ်ထဲမှာ heat တွေ သိပ်များနေသလား။

ဖေဖေက ဖန်ခွက်ထဲက ရေအေးအေးကို ဆက်သောက်နေတယ်။

ကျွန်တော်က ဗီဒီယိုကို ကြည့်နေခဲ့တာ အပေါ်အပါး စွန့်ဖို့တောင် သတိမရဖြစ်ဘူး။ အခုမှ အပေါ့ စွန့်ဖို့ဆင်းလာတယ်။ တိုက်နောက်ထဲက ရေအိမ်ဆီ ကျွန်တော် ဝင်နေလိုက်တယ်။

ဖေဖေက ရေဆက်သောက်နေလိမ့်မယ်။

ညဟာ တိတ်ဆိတ်နေတယ်။

ကျွန်တော့် စိတ်တွေက ဆူပွက်နေတယ်။

ဂျူလီယာရောဘတ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရေအိမ်ထဲမှာ ရှိနေတယ်။

ဂျူလီယာရောဘတ်။

ဖေဖေက ရေအေးအေး သောက်နေတယ်။

ကျွန်တော် ရေအိမ်ထဲက ထွက်လာတော့ ကျွန်တော့် ဖေဖေကို ရေခဲသေတ္တာ အနားမှာ မတွေ့တော့ဘူး။ ဧည့်ခန်းထဲ ကျွန်တော့်မျက်စိ ဝေ့ဝိုက်ကြည့်လိုက်တယ်။ ဖေဖေ ဧည့်ခန်းထဲမှာ မရှိတော့ပါဘူး။ ဖေဖေလည်း သူ့မိန်းမ အနား ရောက်သွားရောပေါ့။

ဖေဖေ့ကိုယ်ထဲမှာ heat တွေ ဘယ်လောက်များနေသလဲ။

ကျွန်တော်က ကျွန်တော့်အိပ်ခန်းထဲကို ဝင်ခဲ့ပြီ။

ကျွန်တော့် အိပ်ခန်းတံခါးကို အသံမြည်အောင် ကျွန်တော် ဆောင့်မပိတ်ခဲ့ပါဘူး။

ကျွန်တော့်နှုတ်က 'ကျွတ်'ဆိုတဲ့ စကားလုံး မထွက်ခဲ့သလို 'ရှစ်ထ်'ဆိုတဲ့ စကားလုံးလည်း မထွက်ခဲ့ပါဘူး။ ကျွန်တော် အိပ်ရာထဲကို ထိုးအိပ်ပစ်လိုက်ပါတယ်။ ကျွန်တော့် မွေ့ရာထူထဲနေတဲ့အတွက် ဘုရားသခင်ကို ကျွန်တော် ကျေးဇူးတင်ရမလား။ ကွယ်လွန်သွားပြီဖြစ်တဲ့ မေမေ့ကို



ကျေးဇူးတင်ရမလား။ ဖေဖေ့မှာ heat တွေ ဘယ်လောက် မွေးမြူထားပါသလဲ။

ကျွန်တော့် ကိုယ်ခန္ဓာထဲမှာ ကွက်လပ်ကလေးတစ်ခု ဖြစ်နေတယ်ဆိုတာ ဒီညမှာမှ ကျွန်တော်ကိုယ်တိုင် အမှတ်မထင် တွေ့ရှိသွားပါတယ်။

✿

အိပ်ရာထဲရောက်လို့ တော်တော်လေးကြာတဲ့ အခါမှာ ကျွန်တော့်စိတ်တွေကလည်း ငြိမ်သက်သွားတယ်။ အမိုးမျက်နှာကြက်မှာ နံရံလေးဖက်မှာ ဂျူလီယာရောဘတ်ရဲ့ ရုပ်ပုံတွေ ကျွန်တော် မြင်လာတယ်။ ကျွန်တော် တဖြည်းဖြည်းနဲ့ ပြုံးလာမိတယ်။ လောကရဲ့ ရယ်စရာတစ်ခုကို ကျွန်တော့်ကိုယ်ပေါ်မှာ ကျွန်တော် ပြန်လည်လို့ ကောက်ယူ ရရှိသလိုပါပဲ။

ကျွန်တော်ဟာ ဂျူလီယာရောဘတ်ကို Crazy ဖြစ်နေတာပဲ။

Crazy ဆိုတာ ရူးသွပ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် တပ်မက်တာလည်း အမှန်ပဲ။ တပ်မက်တယ် ဆိုတာကလည်း တဏှာပဲ။

မေမေ ပြောသလို အုပ်စိုးခိုင်ဆိုတဲ့ အကောင် တဏှာရူးတယ်ဆိုတာလည်း မှန်တာပဲ။

အဲလို ကိုယ့်ကိုယ်ကိုယ် ရှာဖွေတွေ့ရှိတော့ ကျွန်တော် ပြုံးမိတယ်။ ကျွန်တော် ပြုံးမိတော့ ကျွန်တော် ပေါ့ပါးသွားတယ်။ လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ရှာဖွေ တွေ့ရှိရင် ပေါ့ပါးသွားတာပဲ။ အဲဒီ ဗီလော်ဆော်ဖီကို ကျွန်တော် ရလိုက်တယ်။

ဘယ်လို ဖြစ်ပါစေ။ ကျွန်တော့်ကိုယ်ထဲမှာ ကွက်လပ် ရှိနေတာတော့ လုံးဝအမှန်ပဲ သိလား။

✤ ✤ ✤

# [ ၇ ]

ဘဝကို ကွက်လပ် အဖြစ်ခံမလား။

ဘဝထဲမှာ ကွက်လပ် ရှိနေတာကို ဒီအတိုင်း လက်ပိုက် ကြည့်နေမလား။

ကျွန်တော့် မြို့ထဲမှာ ကျွန်တော်ဟာ လူပျော့ တစ်ယောက်အဖြစ် မှိန်ဝါးစွာ နေထိုင်မလား။

စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ရှဉ့်ကလေးတစ်ကောင်ဟာ သစ်ပင်တစ်ပင်ရဲ့ သစ်ကိုင်းတစ်ကိုင်းကနေ အခြားသစ်ပင်ရဲ့ သစ်ကိုင်းကို ခုန်ခုန်ကူးတယ်။ ခဏခဏလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှဉ့်ကလေး ဟာ မြေကြီးပေါ် တဖုတ်ဖုတ် လိမ့်ကျတယ်။ ဒါပေမဲ့ ရှဉ့် ကလေးက ပြန်ပြန်တက်တယ်။ ပြန်ပြန် ခုန်တယ်။

အရေးကြီးတာက ခုန်ဖို့မဟုတ်လား။

နေရာဟောင်းကနေ ခုန်ဖို့မဟုတ်လား။

ကိုယ့်ရဲ့နေရာကနေ အခြားနေရာတွေဆီ ရောက်အောင် ခုန်ကူးဖို့ မဟုတ်လား။ ကိုယ့်နေရာလေးမှာ ငြိမ်မနေဘဲ ခုန်ဖို့ မဟုတ်လား။

ဖေဖေ့ စက်ရုံရဲ့ စက်ရက်ကန်း ခတ်သံတွေဟာ စက်ရုံ ဝင်းထဲက ယုဇနပင် ဝိုင်းဝိုင်းလေးရဲ့ သစ်ရွက်သစ်ခက် တွေထဲကို တိုးဝင် တွယ်ကပ်သွားတယ်။

ယုဇနပန်းပွင့် ဖြူဖြူလေးတွေကတော့ သနားဖို့ ကောင်း ပါတယ်။

ပန်းပွင့်လေးတွေဟာ စက်သံတွေနဲ့ တိုးတိုက်မိပြီး နွမ်းလျကြွေ သွားမှာပေါ့။

ကျွန်တော့်မြို့ အပေါ်က မိုးကောင်းကင်ကြီးကို စက်သံ တွေနဲ့ ပင်တင်ထားပါသလား။



ကျွန်တော်က စက်သံတွေကို မုန်းပြီး ကောင်းကင် နက်ပြာပြာပေါ်က ငွေကြယ်ပွင့်လေးတွေကိုပဲ ချစ်နေမိတယ်။

ကျွန်တော်ချစ်တဲ့ ယုဇနပန်းပွင့် ဖြူဖြူလေးတွေကို လည်း စက်သံတွေ မထိမှန် စေချင်ဘူးလေ။

ကျွန်တော်ချစ်တဲ့ ကျွန်တော့် ဂစ်တာလေးရယ်၊ ကျွန်တော်ချစ်တဲ့ ကျွန်တော့် ခွေးကလေးရယ် စက်သံတွေ မထိမှန်စေချင်ဘူး။

စက်သံတွေမှာ ကျားဟိန်းသံရောစွက်နေရင် အဲ့ဒီအသံ ဟာ ဗိုပြီး ခြောက်သွေ့အက်ကွဲမယ်။

ကျွန်တော်က ရှဉ့်ကလေးလို ခုန်ချင်ပြီလေ။ စက်သံ၊ ကျားဟိန်းသံရဲ့ အဝေး တစ်နေရာမှာ အခြား သိမ်မွေ့နူးညံ့တဲ့ အသံသစ်တစ်ခု ရှိမလား။ ဒါမှမဟုတ် ပင်လယ်ရဲ့ အော်ဟစ် သံ ရှိမလား။ အသံသစ် အိပ်မက်သစ်ကို ကျွန်တော်ငတ်ပြီ။

ရှဉ့်ကလေးရေ... မင်းလိုပဲ ကိုယ်ခုန်မယ်။

လူဆိုတာ ရှဉ့်ကလေးထက် ပိုပြီး အိပ်မက်အသစ်ကို ခုံမင်တယ် မဟုတ်လား။

✿✿ ✿ ✿✿

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

# [၂]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ခရီးဆောင်အိတ်တစ်လုံးကို လွယ်ပိုးထိုး၊

ကျွန်တော့် မြို့ရဲ့ လမ်းမပေါ်မှာ ကျွန်တော် လျှောက်ရတယ်၊ ဒီလမ်းတွေနဲ့ ကျွန်တော့် ခြေထောက်တွေ ပြန်ဆုံ ဦးမလား၊ ကျွန်တော် မသိဘူး၊ ကျွန်တော် သိတာက ကျွန်တော့် ဂျင်းဘောင်းဘီ အိတ်ထဲမှာ ဗင်ဟယ်လင်ရဲ့ အနက်နဲ့အပြာ သီချင်းတိတ်ခွေ တစ်ခွေပါလာ ခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

အရုဏ်ဦးလေးမှာ ကျွန်တော်ဟာ အိပ်ရာက နိုးနေ ပါတယ်။

သစ်ပင်အဟောင်းတို့ရဲ့ သစ်ကိုင်းကနေ သစ်ပင် အသစ်ရဲ့ သစ်ကိုင်းဆီ ခုန်ခုန် ကူးနေတဲ့ ရှဉ့်ကလေးကို ကျွန်တော် အိပ်ရာက နိုးနိုးချင်း သတိရသွားမိတယ်။

ခုန်တယ် ခုန်တယ် ရှဉ့်ကလေး။
ရှဉ့်ကလေး ခုန်ကူးတယ်။
မြေကြီးပေါ် လိမ့်ကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်အတိုင်း ပြေးသွားရင် အန္တရာယ် ရှိတယ်။ နောက်ပြီး ရှဉ့်ကလေးဆိုတာ မြေပေါ်မှာ နေတာ မဟုတ်ဘူး။ သစ်ပင်ပေါ်မှာပဲ ကျင်လည်တယ်။ ရှဉ့်ကလေး သစ်ပင်ပေါ် ပြန်တက်တယ်။ ဟိုး အမြင့်ကြီးအထိ သူ့ ဝမ်းဗိုက်လေးနဲ့ ကပ်ပြီး သူ့လက်သည်းတွေနဲ့ ကုတ်ဘက်သွားတယ်။

ရှဉ့်ကလေး ထပ်ခုန်ကူးတယ်။

ရှဉ့်ကလေး လိမ့်ကျတယ်။

ရှဉ့်ကလေး သစ်ပင်ပေါ် ပြန်တက်တယ်။

ရှဉ့်ကလေး သစ်ပင်အသစ်ဆီ ခုန်ကူးတယ်။

ရှဉ့်ကလေး အောင်မြင်သွားပြီ။

ဘာပြုလို့ ဝပ်ကျင်းဟောင်းထဲမှာ ငိုက်မျဉ်းလိုက်၊ အိပ်ပျော်လိုက်၊ စိုးကရက်သောက်လိုက် ဖြစ်နေရမှာလဲ။

ဝပ်ကျင်းဟောင်းမှာ မနေရဘူး။

အိမ်ဟောင်းမှာ အကြာကြီး မနေရဘူး။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ နှစ်ပေါက် ထိုင်တယ် ဆိုတာ ဘယ်လောက် အဓိပ္ပာယ် မရှိတဲ့ အလုပ်လဲ။

ရှဉ့်ကလေးရဲ့ အလေ့အကျင့် အပြုအမူတွေကို စံနမူနာ ယူရမယ်။



ဟော့ ခုန်ရမယ်ကွ။

ခုန်တာကိုက ဂုဏ်သိက္ခာကွ။

ခုန်တာကိုက စွန့်စားခြင်းကွ။

ခုန်တာကိုက သတ္တိကွ။

လူဆိုတာ ပိုခုန်ရမယ်။

အိပ်မက်ဟောင်းတွေ ထပ်တလဲလဲ ပြန်မက်နေရင် အဲ့ဒီ အိပ်မက်ဟောင်းတွေနဲ့ ဦးခေါင်းကို ဖြတ်ပစ်ပြီး စကြဝဠာရဲ့ အပြင်ဘက်ကို လွှင့်ပစ်လိုက်ဖို့ပဲ ကောင်းတယ်။

လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ အိပ်မက် အဟောင်းတွေနဲ့ ပြည့်နက်နေတာက မစင်ပုပ်တွေနဲ့ ပြည့်နက်နေတာနဲ့ အတူတူပဲ။

အဲလိုပဲ ကျွန်တော် စဉ်းစားတယ်။

လူငယ်တစ်ယောက်ရဲ့ ဦးခေါင်း (A Boy's Head) ထဲမှာ ဘာတွေ ရှိရမလဲ။ Miroslav Holub ပြောတာတွေ ကျွန်တော် ပြန်သတိရမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



In it there is a space-ship
and a project
for doing away
with piano lessons.

အဲဒီအထဲမှာ (လူတစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ)
အာကာသယာဉ်တစ်စင်းရယ်၊
စန္ဒရား သင်ခန်းစာတွေကို ဖျက်ဆီးပစ်ပယ်မယ့်
စီမံကိန်းတစ်ခုရှိတယ်။



And there is
Noah's ark
which shall be first.

ဟော့ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ
နိုအာရဲ့ သင်္ဘောကြီးရှိတယ်။
အဲဒီသင်္ဘောဟာ ကမ္ဘာမှာ ပထမဆုံး
ပေါ်ပေါက်လာတဲ့ သင်္ဘောကြီး ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



And there is
an entirely new bird
an entirely new hare
an emtirely new bumble-bee
ဟော့ လှုငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ...
လုံးဝ လုံးဝ သစ်တဲ့ ငှက်တစ်ကောင်ရှိတယ်။
လုံးဝ လုံးဝ သစ်တဲ့ ယုန်တစ်ကောင်ရှိတယ်။
လုံးဝ လုံးဝ သစ်တဲ့ ပျားထီးတစ်ကောင်ရှိတယ်။



There is a river
that flows upwards
ဟော့ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ
အထက်ကို ရေဆန်ကို ပြန်စီးနေတဲ့
မြစ်တစ်မြစ် ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



There is a multiplication table.

ဟော့ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ

အကြိမ်ပေါင်းများစွာ မြှောက်လို့ရတဲ့

အမြှောက်ဂဏန်းတွေနဲ့ ပွားစည်နေတဲ့

စက်စားပွဲတစ်လုံး ရှိတယ်။



There is anti-matter.

And it just cannot be trinned.

ဟော့ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ

အကြောင်းအရာ အဟောင်း**တွေကို ဆန့်**ကျင်ခြင်း

ရှိတယ်။

အဲ့ဒီလူငယ်ရဲ့ ဦးခေါင်း**က ဆံပင်တွေ**ကို

ကတ်ကြေးနဲ့ ညှပ်ပစ်လို့ **မရဘူး။**

ဘာနဲ့မှ ညှပ်ပစ်လို့ **မရဘူး။**

ဘယ်သူမှ လာညှပ်လို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



I believe

that only what cannot be trinned

is a head.

ကျွန်တော် ယုံတယ်။

လောကမှာ ဆံပင်ညှပ်ပစ်လို့ မရတာဟာ

လူငယ်ရဲ့ ဦးခေါင်းတစ်လုံးပဲ ရှိတယ်။



အဲ့ဒီ လူငယ်တစ်ယောက်ရဲ့ ဦးခေါင်းနဲ့ပဲ ကျွန်တော့် ဖေဖေရဲ့ အိမ်က ကျွန်တော် ထွက်လာခဲ့ပါတယ်။

ဖေဖေကတော့ အိပ်မောကျ ကျန်နေရစ်ခဲ့ပါတယ်။

အိမ်ကထွက်ပြီး ခြေလှမ်း အလှမ်းသုံးဆယ်လောက် လှမ်းပြီးခါမှ ဖေဖေ့ကို ကျွန်တော်တစ်ခုခု ပြောခဲ့ရင် ကောင်းမလား။ စာနဲ့ပေါ့။ အဲ့လို ကျွန်တော် တွေးမိတယ်။ တစ်ခါ ဖေဖေလည်း ကျွန်တော်မရှိတော့ ပိုတောင် မိန်းမနဲ့ လွတ်လွတ်လပ်လပ် နေရဦးမှာပါလို့ ဆက်တွေးမိပြန်တယ်။

ဒါပေမဲ့ ဖေဖေ့ဆီ စာလေးတစ်စောင်တော့ ရေးဖြစ်အောင် ရေးခဲ့ရမယ်။

အဲ့ဒီ စာဟာ ဖေဖေ့ကို ကျွန်တော် စိန်ခေါ်လိုက်တဲ့စာ၊ ကျွန်တော့်ရဲ့ ဒီမြို့မှာ အကြာကြီး အိပ်ပျော်နေခဲ့တဲ့ ဘဝကို ကျွန်တော်ကိုယ်တိုင် ပြန်ပြီး စိန်ခေါ်လိုက်တဲ့စာ။

ဟုတ်တယ်။

ရေးရမယ်။

ကျွန်တော့် ဒိုင်ယာရီစာအုပ်ထဲက စာမျက်နှာ တစ်မျက်နှာကို ဖြန်းခနဲ ကျွန်တော် ဆုတ်ဖြဲလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြီလို့ အသံမထွက်ပဲ ဖြန်းလို့ အသံမြည်သွားတယ်။ အဲ့လိုပဲလား။ ကျွန်တော် မသိဘူး။

အလုံး ခပ်တုတ်တုတ်နဲ့ **အနီရောင်** Micro Marker ကို ကျွန်တော် ထုတ်တယ်။ **အဲ့ဒီကောင်က** oil inkလေ။ အဲ့ဒါနဲ့ စာရွက်ပေါ် ကျွန်တော် ရေးတယ်။ ထိုင်ပြီးမှ စာရွက်ကို ကျွန်တော့် ဒူးပေါ်တင်ပြီး ရေးတာပေါ့။

**မေမေ**

ကြယ်ကလေးတစ်ပွင့် ကောင်းကင်ပေါ်က
ကြွေဆင်းတာကို လိုက်မဖမ်းတတ်တဲ့၊ စိတ်ကူး
သစ်တွေကို မဆွတ်ခူးတတ်တဲ့ သနားစရာ
ငတုံးလေးတစ်ကောင်ရဲ့ အတိတ်တွေကို မေမေ့
ခြံဝင်းတံခါးမှာပဲ ချိတ်ထားခဲ့ပြီ။

သားကတော့ ရှဉ့်ကလေးကို နမူနာယူပြီး
ရှဉ့်ကလေး တစ်ကောင်လို ခုန်ပေါက်သွားပြီ မေမေ...

**မေမေ့သား...**

**အုပ်စိုးနိုင်**



ကျွန်တော်ဟာ ခရီးဆောင်အိတ်တစ်လုံးကို လွယ်ပိုးလို့။

ကျွန်တော့်မြို့ရဲ့ လမ်းမပေါ်မှာ ကျွန်တော် လျှောက်ရတယ်။ ဒီလမ်းတွေနဲ့ ကျွန်တော့် ခြေထောက်တွေ ပြန်ဆုံဦးမလား။ ကျွန်တော် မသိဘူး။ ကျွန်တော် သိတာက ကျွန်တော့် ဂျင်းဘောင်းဘီ အိတ်ထဲမှာ ဗင်ဟယ်လင်ရဲ့ အနက်နဲ့အပြာ သီချင်းတိတ်ခွေ တစ်ခွေပါလာခဲ့တယ်။

ငွေစက္ကူတွေလည်း ကျွန်တော့် အိတ်ထောင်ထဲမှာ ပါဝင်လာတယ်။

ကျွန်တော့် လက်ထဲမှာတော့ ကျွန်တော့် ခွေးကလေး မစ်ကီကို ပွေ့ပိုက်လျက်ပေါ့။

ဘယ်သူ ပြောတာလဲတော့ ကျွန်တော် မသိဘူး။

ကျွန်တော်တို့ ဆာလောင်တယ်။ ကျွန်တော်တို့ မွတ်သိပ်တယ်။ ဂျင်း ဘောင်းဘီကို မော်တော် ဆိုင်ကယ်ကို မွတ်သိပ်တာမျိုးလည်း မဟုတ်သေးဘူး။

ကျွန်တော်တို့ မွတ်သိပ်တာ လွတ်လပ်မှု၊ ပျော်ရွှင်မှု၊ အလေးစားခံရမှု၊ အချစ်ခံရမှု၊ နောက်ပြီး အရေးပါမှု။ အဲ့ဒါတွေ ကျွန်တော်တို့ မွတ်သိပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကားတစ်စီးကို တက်စီးလိုက်တယ်။ အဝေးပြေးကားတစ်စီးပေါ့။ တွေ့ရာကားကို အမှတ်တမဲ့ ကျွန်တော် တားလိုက်တာ အဲ့ဒီကားဟာ ရန်ကုန်ကို သွားတဲ့ အဝေးပြေးကားတစ်စီး ဖြစ်နေတယ်လေ။ ကားပေါ်ကို ကျွန်တော်တက်တော့ ခွေးကလေးနဲ့ ကျွန်တော့်ကို လူတွေက ကြောင်တက်တက် ကြည့်ကြတယ်။ ကားက ခရီးသည် ထိုင်ခုံတစ်ခုံ လွတ်နေတယ်။ မလိုက်ဖြစ်လို့တဲ့။ အတော်ပဲ။ အဲ့ဒီ လွတ်နေတဲ့ ထိုင်ခုံမှာ ကျွန်တော် ထိုင်လိုက်လာခဲ့တယ်။ တစ်လမ်းလုံး ကျွန်တော်ဟာ လမ်းဘေး ရှုမျှော်ခင်းတွေကို ကြည့်လိုက် မျက်စိညောင်းတဲ့အခါ အိပ်ပျော်သွားလိုက်နဲ့ပေါ့။

ည ဆယ်နာရီထိုးခါနီးမှာ မဟာဗန္ဓုလပန်းခြံလမ်းက အဲယားကွန်းရှိတဲ့ တည်းခိုခန်း တစ်ခုမှာ ကျွန်တော်တည်းတယ်။ ခွေးကလေးနဲ့ ကျွန်တော့်ကို တည်းခိုခန်းက လူတွေကလည်း ကြောင်တက်တက် ကြည့်ကြတာပဲ။ ခွေးကလေးနဲ့ ကျွန်တော်ဟာ ဟမ်ဘာဂါ သွားစားတယ်။ ဆင်း၁ဝစ် သွားစားတယ်။ ကော်ဖီ သွားသောက်တယ်။ နောက်ပြီး



ပန်းခြံထဲမှာ ပြေးတမ်းလိုက်တမ်း ကစားကြတယ်။ နောက်ပြီးတော့ ဆိပ်ကမ်းကို သွားကြတယ်။

ပင်လယ်ကူး သင်္ဘောကြီးတွေကို ကျွန်တော်မြင်တော့ ကျွန်တော်ဟာ မြန်မာပြည်နဲ့နီးတဲ့ နိုင်ငံတစ်ခုကို သွားရရင် ကောင်းမလား။ ကျွန်တော် စဉ်းစားမိတယ်။ နိုင်ငံကူး လက်မှတ် လုပ်ရမှာ၊ တခြားနိုင်ငံရောက်ဖို့ ပွဲစားနဲ့ ဆက်သွယ်ရမှာ၊ ဟိုက ပို့လိုက်တဲ့ အလုပ်ခန့်စာ လက်ထဲ ရောက်လာအောင် စောင့်ရမှာ ကျွန်တော် စိတ်မရှည်နိုင်ဘူး။ ကျွန်တော့်အိတ်ထဲမှာလည်း ပိုက်ဆံက အဲလောက်ကြီးတောင် ပါတာမဟုတ်ဘူး။

ကျွန်တော် ဆုံးဖြတ်တယ်။

ကျွန်တော်က တစ်ဖက်ကို ရောက်ဖူးကြည့်ချင်တာ မဟုတ်လား။ ဘာလို့ မရောက်ရမှာလဲ။

ကျွန်တော့် ခွေးကလေး...

ဒါလည်း လွယ်ပါတယ်။

ရန်ကုန်မှာ ခွေးတွေ ရွှေငါးတွေ ရောင်းတဲ့ လူတစ်ယောက်ရှိတယ်။ သူက အင်းစိန်မှာ နေတာ။ သူနဲ့ ကျွန်တော် ခင်တယ်။ ခွေးကလေးကို ပွေ့ပိုက်ပြီး တက္ကစီ

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးတားတယ်။ အင်းစိန်ကို ကျွန်တော်သွားတယ်။ သူ့ခြံဝမှာ သူ့ကို အဆင်သင့်ပဲ တွေ့ပါတယ်။

'ကျွန်တော် ခရီးတစ်ခု ထွက်ချင်လို့ ခွေးကလေးကို ခင်ဗျားဆီမှာ အပ်ခဲ့ချင်လို့'

သူက အေးအေးပါပဲ။

'ရတယ်၊ ခရီးထွက်တဲ့ လူတိုင်းဟာ ခွေးထားခဲ့စရာ နေရာနဲ့၊ ခွေးကို ဂရုတစိုက် ပြုစုမယ့်သူ မရှိရင် ငါ့ဆီမှာပဲ ခွေးအပ်နေကျပါ။ မင်းခွေးက အမဆိုရင်တော့ ငါက တစ်သား ဖောက်ယူမယ်နော်'

'ဟာ အစ်ကို ကျွန်တော့်ခွေးကလေး မစ်ကီက အထီးဗျ'

သူက ကျွန်တော့် ခွေးကလေးကို လှမ်းယူတယ်။ နားရွက်တွေ၊ မျက်နှာတွေကို အသေအချာ ကြည့်တယ်။

'မင်း ခွေးက ခွေးမျိုးကောင်းပဲ၊ အစာဖိုး ကျေအောင်တော့ သူ့အပေါ်က ငါ နည်းနည်းပါးပါး အမြတ်ထုတ်ရမှာပဲ၊ ခွေးမလေး တစ်ကောင်ကောင်နဲ့တော့ ငါ သူ့ကို မိတ်ဆက်ပေးရမှာပဲ'

'ဟာ ရတယ်အစ်ကို၊ ဒါပေမဲ့ မစ်ကီ သိပ်ပင်ပန်းအောင်တော့ မညှဉ်းဆဲပါနဲ့နော်'



'စိတ်ချပါကွာ မင်းခွေးလေးရော မင်းရော အသည်းမကွဲစေရပါဘူးကွာ'

ကျွန်တော်က သိပ်ကြီးတော့ စိတ်မချဘူး။ ဒါပေမဲ့ မစ်ကီကို ထားခဲ့ရမှာပဲ။ မစ်ကီရဲ့ လည်ပင်းကို သာသာယာယာ ဆွဲဖျစ်လိုက်မိတယ်။

'ကိုယ်သွားမယ် မစ်ကီ။ ဒါပေမဲ့ ကိုယ် မင်းဆီ ပြန်လာမှာပါ'

မစ်ကီက မျက်ရည်ဝဲဝဲနဲ့ ခေါင်းညိတ်ပြတယ်။

ဟိုလူကတော့ ဘာခံစားချက်မှ မရှိတဲ့ပုံစံနဲ့ မစ်ကီကို ခေါ်သွားပြီး သံဆန်ခါလှောင်အိမ်ထဲ ထည့်ပြီး သော့ပိတ်လိုက်တယ်။

ကျွန်တော် အဲ့ဒီခြံထဲက ထွက်လာတော့ မစ်ကီက တဝုတ်ဝုတ် ဟောင်ကျန်ရစ်ခဲ့တယ်။

စစ်တောင်းတံတားကို ရထားက တဂျုတ်ဂျုတ် ဖြတ်သန်းနေချိန်မှာ ကျွန်တော်က အိပ်ငိုက် မပြေသေးပါဘူး။ ရထားဟာ မုတ္တမဘူတာကို ရောက်ပြီးတဲ့နောက် သံလွင်မြစ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဇက်နဲ့ ကူးနေချိန်မှာတော့ ကျွန်တော်ဟာ စွန့်စားမှု အသစ်ကို တွေ့ရတော့မှာမို့ ရင်ခုန်နေရပြီ။ မော်လမြိုင် ရောက်တဲ့အခါ ဆိပ်ကမ်းနဲ့နီးတဲ့ ဟိုတယ်တစ်ခုမှာပဲ ကျွန်တော်ဝင်ပြီး အခန်းယူလိုက်တယ်။

ညပိုင်းမှာ မော်လမြိုင်မြို့ထဲကို တ'စ်ပတ် လျှောက်လည် ကြည့်တယ်။ ဆိုက်ကားတစ်စီးနဲ့ ဟိုလမ်း ဒီလမ်းတွေ သွားတယ်။ ဘာရယ်မဟုတ်ပါဘူး။ မြို့တစ်မြို့ကို ကျွန်တော် ဆိုက်ကားနဲ့ လျှောက်ကြည့်တာပါ။ နောက်တော့ ဘာမှ စိတ်ဝင်စားစရာ ကျွန်တော် မတွေ့ရလို့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ကျွန်တော် ဝင်ထိုင်လိုက်တယ်။ စိတ်ဝင်စားစရာ ကို ကျွန်တော် မရှာဖွေတတ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ မော်လမြိုင်ရဲ့ Night life ဟာ သူ့ခွင်နဲ့သူ ရှိချင်ရှိမယ်။ ကျွန်တော် မသိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော့် အဖို့တော့ မော်လမြိုင်မြို့ရဲ့ ညဟာလည်း ခြောက်သွေ့နေ သလို ကွက်လပ်တွေများနေသလို ခံစားရတယ်။

မြို့တွေဟာ ဘာလို့ ကွက်လပ်များနေတာလဲ။ မြို့တွေ ထဲမှာ ကျွန်တော်တို့ ပျော်ရွှင်စရာတွေ ဘ ာလို့ ကျွန်တော် ရှာမတွေ့တာလဲ။



ကျွန်တော့်လိုအရွယ် လူငယ်တော်တော်များများဟာ လက်ဖက်ရည်ဆိုင် ထိုင်လို့။ အချို့ အိပ်မက်တွေဟာ ပျံသန်း နေပြီး အချို့အိပ်မက်တွေဟာ ဖျားနာနေပါလိမ့်မယ်။ အချို့ လူငယ်တွေကတော့ အရက်ဆိုင်ကနေ အရက်မူးပြီး ပြန်လာ ကာ လမ်းပေါ်မှာ ဟိုလျှောက်သွား ဒီလျှောက်သွား လုပ်နေ ကြတယ်။

ဘုရားကျောင်းအနားမှာ ဆေးလိပ်ကလေးဖွာပြီး မူးမူးနဲ့ လမ်းလျှောက်လာတဲ့ လူငယ်လေးတွေကိုလည်း ကျွန်တော် တွေ့ရတယ်။

ကျွန်တော် အရက်မသောက်သေးဘူး။

ကျွန်တော်တို့အတွက် ကွက်လပ်တွေ များနေတဲ့ ကမ္ဘာ မြေပေါ်မှာ အခွင့်အလမ်း သီချင်းတွေ ဘယ်သူကြဲဖြန့်မှာလဲ၊ ကျွန်တော် စောင့်ကြည့်နေချင်သေးလို့ပါ။

နောက်နေ့ မနက်မှာတော့ ကျွန်တော်ဟာ သံဖြူဇရပ် ကို ရောက်သွားပြီး စစ်သချႋင်းဆိုတာကို သွားငေးတယ်။ တစ်ချိန်က သေနတ်ဒဏ်ရာနဲ့ သေဆုံးခဲ့သူတွေရဲ့ လဲလျောင်း အိပ်စက်ရာနေရာဟာ အခုတော့ စိမ်းစိုလို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ် လက်ဖက်ရည်ဆိုင်တွေမှာတော့ သချာင်္ဂကျောန်း တွေနဲ့ ရင်ခုန်နေကြသူတွေကို ဟိုစုစု ဒီစုစု တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ကျွန်တော်တွေ့ရတယ်။

ကမ်းခြေကို ကျွန်တော်သွားတယ်။

ပွဲစားကို ကျွန်တော် ရှာရမယ်။ သူ့အကူအညီနဲ့ တစ်ဖက်ကို ကူးရမယ်။

ကျွန်တော့်နိုင်ငံ မဟုတ်တဲ့ အခြားတစ်နိုင်ငံကို ကျွန်တော် ရောက်ဖူးတော့မယ်။

❦ ❦ ❦

BURMESE CLASSIC .com

# [ ၂ ]

ပင်လယ်ကို ကျွန်တော် ကျော်ဖြတ် နေချိန်မှာ ကျွန်တော် ဝေါ့လ်ကင်းရှူး အပြူဟာ ပိုပြီး ဖြူဖွေးနေတာကို မြင်ရတော့ စိတ်ထဲမယ် ကြည်နူးသွားတယ်။ စက်လှေ ပေါ်မှာ ကျွန်တော့်လို ရွယ်တူ လူငယ်တွေ အများကြီးပါပဲ။

သူတို့ အဖေတွေဟာ ကျွန်တော့် ဖေဖေ လို စက်ရုံပိုင်ရှင်ကြီး တစ်ဦးတော့ ဟုတ်မှာ မဟုတ်ဘူး။ သူတို့ရဲ့ လူငယ် Style နဲ့ ကျွန်တော့်ရဲ့ Style ဟာ ဘာမှ မကွာခြား

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သူတို့ အဝတ်တွေ ကလည်း ကျွန်တော်တို့ လူငယ်တွေ ဝတ်တဲ့ အဝတ်တွေပါပဲ။ ဒါပေမဲ့ သူတို့ဝတ်တဲ့ အဝတ်အစား တွေဟာ ကျွန်တော့် အဝတ်တွေထက်တော့ ညံ့တယ်။

သူတို့ကို ကျွန်တော် သေသေချာချာ လေ့လာကြည့်မိတယ်။

သူတို့တစ်တွေ ခရီးတစ်ခုသွားခြင်းဟာ ဘဝဆန်နေပြီး၊ ကျွန်တော်ဟာ စက်လှေတစ်စီးတည်းပေါ်မှာ ခရီးတစ်ခုတည်း အတူတူ သွားနေခြင်းဖြစ်ပေမယ့် ကျွန်တော့်ခရီးက စိတ်ကူးယဉ်ဆန်နေသလိုပဲ။

ထူးမခြားနားတဲ့ ပြဇာတ်တစ်ခုကို နေ့တိုင်းညတိုင်း ကပြနေရတာ နှစ်ပေါင်းကြာညောင်းလာတော့ ပြဇာတ်အသစ်တစ်ခု ကပြနိုင်ဖို့အတွက် ကျွန်တော်ဟာ ပင်လယ်ပြင်ကို ကျော်ဖြတ်နေခြင်း ဖြစ်နိုင်ပါတယ်။

အော်ပဒါ အသစ်၊ တီးလုံးတီးကွက် အသစ်၊ ဂီတသင်္ကေတ အသစ်၊ သီချင်း အသစ်၊ ပြဇာတ် အသစ်တွေနဲ့ ကျွန်တော် ရှက်လွင့်နေပါပြီ။



ကျွန်တော့်အားက လူငယ်ဟာ ကျွန်တော် ဝတ်ထားတဲ့ အမေရိကန်လုပ် ဂျင်းဘောင်းဘီအနက်နဲ့ အမေရိကန်လုပ် တီရှပ်အနက်ကို ငေးမောကြည့်နေတယ်။

ကျွန်တော် သူ့ကို ပြုံးပြတယ်။

သူက ကျွန်တော့်ကို ပြန်ပြုံးမပြဘူး။

'မင်း ဒါ ပထမဦးဆုံး အခေါက်သွားတာလား'

လို့ ကျွန်တော် မေးလိုက်တယ်။

'မဟုတ်ဘူး။ ဒါနဲ့ဆို သုံးခေါက်ရှိပြီ'

ဒီကောင်က အေးစက်စက် ပြန်ဖြေတယ်။

'ဒီစက်လှေက တို့ကို ခရီးလမ်းဆုံးဖြစ်တဲ့ မြို့ကြီးတစ်မြို့ရဲ့ ဆိပ်ကမ်းကို တိုက်ရိုက်ရောက်သွားမှာလား'

အေးစက်စက်နဲ့ မထိတရိကောင်ကို ကျွန်တော် နောက်ထပ် မေးခွန်း ထပ်မေးတယ်။

'မဟုတ်ဘူး၊ တို့ကောင်တွေ တောထဲကို ခြေလျင်ဖြတ်ကြရဦးမှာ'

ကျွန်တော်က စက်လှေပေါ်မှာ မူးရိုပ်ရိုပ် ဖြစ်လာ[illegible] လေက ကြမ်းရှတယ်။ လူတွေကလည်း ပြွတ်သိ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်လေက လူစော်နံ့တာကို မချေဖျက်နိုင်ပါဘူး။ တော်တော်လေး ကြာတော့ ကျွန်တော် စက်လှေပေါ်မှာ အိပ်ပျော်သွားတယ်။

✤ ✤ ✤

# [ ၃ ]

ကျွန်တော်တို့ဟာ စက်လှေလိုင်းက ဝင်လာကြတာ ဆိုတော့ work permit တွေ visa တွေ ဘာတွေ ဘာမှ ရှိတာ မဟုတ်ဘူး။ Over stay တွေ ဘာတွေလည်း ကျွန်တော်က နားလည်တာ မဟုတ်ဘူး။

လူတစ်ယောက်အတွက် certificate ဆိုတဲ့ **သက်သေခံ** အထောက်အထား လက်မှတ်တွေဟာ **ဒီလောက်**တောင် အရေးကြီး နေကြသလားဗျာ။

အံ့သြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ အဲဒီလိုလူတစ်ယောက်ဖြစ်ကြောင်း တခြားလူတွေက လက်မှတ်ထိုး ထောက်ခံပေးလိုက်တဲ့ ထောက်ခံချက် ကတ်ပြားတွေ စာရွက်စာတမ်းတွေဟာ ဒီလောက် အရေးပါတာဟာ သဘာဝမကျပါဘူး။

ဒီမှာ အသက်ရှင်နေတဲ့ လူကောင်ကြီး တစ်ယောက်လုံးဟာ စကားပြောနိုင်တယ် သွားနိုင် လာနိုင်တယ်။ ကိုယ့်ကို လက်သီးနဲ့ထိုးရင် ကိုယ်က လက်သီးနဲ့ ပြန်ထိုးနိုင်တယ်။ သူ့မှာ ဘာစာရွက်တွေ လိုသေးလို့လဲ။

ကျွန်တော့်မှာတော့ ကျွန်တော်ဖြစ်ကြောင်း တခြားလူရဲ့ ထောက်ခံချက် လက်မှတ်တွေ မပါခဲ့ပါ။ အဲဒီလို မပါတဲ့ အတွက် ထောက်ခံချက်အတုတွေ ဘာတွေ လုပ်ရမှာပေါ့။

သေချာတာကတော့ ဒီမှာ အလုပ်တစ်ခုတော့ လုပ်ရမယ်။

Dangerous

Dirty

Demanding

အဲဒီ three 'D' အလုပ်တစ်ခုခုကတော့ ကျွန်တော့်ကို မျှော်လင့်ချက်တစ်ခု မွေးဖွားပေးဦးမှာပဲ။



ရှိပါစေလေ။

အန္တရာယ်တွေ ထူပြောပါစေ။

ညစ်ပတ်စုတ်ပဲ့ပါစေ။

အလုပ်သမား အများကြီး လိုအပ်နေတဲ့ အောက်ခြေ လုပ်ငန်းတွေထဲက တစ်ခုခုတော့ ကျွန်တော် ရမှာပေါ့။

တစ်ဖက်နိုင်ငံထဲ ရောက်တော့လည်း ကျွန်တော်နဲ့ အတူတူ စက်လှေပေါ် ပါလာသူတွေဟာ ဝက်တွေ အစာခွက် ဆီ အလုအယက် ပြေးကြသလို တစ်ဦးနဲ့တစ်ဦး (တစ်ကောင် နဲ့ တစ်ကောင်) တိုးကာ တိုက်ကာ ပြေးလွှားကြတော့တာပဲ။ အစွယ်ငေါငေါနဲ့ ပါးစပ်ဟထားတဲ့ စက်ယန္တရားထဲ သူ့ထက် ငါ အလုအယက် ဝင်နိုင်ရေးအတွက် ပြေးကြလွှားကြ သူတွေထဲ (ကျွန်တော်တစ်ယောက်တည်း) အူကြောင်ကြား ဖြစ်နေတယ်။

ကျွန်တော်လည်း ဘာရမလဲ။

'ဟောကောင် နေပါဦးကွ'

ကျွန်တော်နဲ့ အနီးဆုံးကောင်ရဲ့ ကျောပိုးအိတ်ကို ဖမ်းဆွဲထားလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် ဘာလုပ်မှာလဲ... ဒီမှာ feeling ဆိုတာ မရှိဘူးကွ၊ ရှင်သန်ရေးက အဓိက ကွ'

'အေး... မင်းတို့ချည်းပဲ ရှင်သန်နေရင် ပျင်းစရာကောင်းနေလိမ့်မယ်။ ငါလည်း မင်းတို့နဲ့အတူတူ ရှင်သန်မှ ကောင်းကင်က တိမ်တွေ ပြာလွင်လိမ့်မယ်'

'ကျွတ်... ဒီတိုင်းပြည်မှာ တိမ်ပြာတယ်ဆိုတာ ငါဖြင့် တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ကောင်းကင်က အမြဲတမ်း မှိုင်းညို့အုံ့ဆိုင်းနေတာ၊ မင်း လူသစ် မဟုတ်လား။ လာ ငါနဲ့ လိုက်ခဲ့ အလုပ်တစ်ခုတော့ မင်းရမယ်'

ကျွန်တော် သူနဲ့အတူ လိုက်သွားတယ်။

သူ့လိုပဲ မပြေးရုံတမယ် လမ်းလျှောက်လို့ပေါ့။

အတော်လေး လမ်းလျှောက်ပြီးတဲ့အခါမှာ အလွှာတွေ အများကြီးပါဝင်တဲ့ တိုက်တစ်တိုက်ရဲ့ ရှေ့ကို ကျွန်တော်တို့ ရောက်သွားတယ်။

'လာ ဒီ အပေါ်တက်မယ်၊ ဒီ အပေါ်ထပ်မှာ ဘိုတောက် ရှိတယ်၊ ဘိုတောက်နဲ့ တွေ့ရရင် သိကြားမင်းနဲ့ တွေ့ရသလို သာ မှတ်လေတော့'

'ဘာလဲကွ သိကြားမင်း'



'သိကြားမင်းဆိုတာ ဒုက္ခရောက်နေတဲ့ လူတွေကို ကယ်တင်တယ် မဟုတ်လား၊ ဒီမှာလဲ အလုပ်မရှိရင် ဒုက္ခရောက်ပြီပေါ့ ကြွေပြီ၊ သေပြီပေါ့၊ တို့အခုသွားမယ့် ဘိုတောက်ဆိုတဲ့ကောင်က မြန်မာပြည်ကပဲ၊ သူက ဒီတိုင်းပြည်ကို ရောက်လာတဲ့ မြန်မာတွေကို အလုပ်ရှာဖွေပေးတာ၊ သူ့ကို အလုပ်ရှာဖွေခ ပေးရတယ်။ သုံးလ ဆက်တိုက် ကိုယ့်လခထဲက တစ်ဝက်ခွဲပေးရတယ်'

'အဲလို ခေါင်းပုံဖြတ်တာ ငါ မကြိုက်ဆုံးပဲကွာ၊ အဲ့ဒီ ဘိုတောက်ကို လခထဲက တစ်ဝက်ခွဲ မပေးဘူးကွာ၊ အဲ့ဒါဆို ဘာဖြစ်သွားမလဲ'

'အဲဒါဆို နောက်တစ်လမှာ အလုပ်ပြုတ်သွားပြီပေါ့၊ ဘိုတောက်က အလုပ်ရုံ မန်နေဂျာဆီ မင်းရဲ့ မကောင်းကြောင်း တစ်ခုခု သတင်းပို့ လိုက်မှာပေါ့၊ နောက်ပြီး ရဲကိုလဲ လက်တို့ လိုက်မှာပေါ့၊ မင်းမှာ ပြည်ဝင်ခွင့်နဲ့ နေထိုင်ခွင့်မှ မရှိတာပဲ၊ ဘိုတောက်လိုကောင် ရှိတာကိုပဲ ငါတို့က ကျေးဇူးတင်ရမှာ၊ ဒီတိုင်းပြည်မှာ ဘာလုပ်ချင်သလဲ အကျိုးဆောင်ပေးတဲ့ လူရှိတယ်၊ အကျိုးဆောင်ခ ပေးရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရင့်သမီးတော်ကို ငါ လိုချင်ရင်ကောကွာ၊ အကျိုးဆောင်ပေးတဲ့ လူရှိသလား'

'မင်း လည်ပင်းထဲ ကျည်ဆန်တွေ အပြွတ်လိုက်ဝင်သွားမှာပေါ့'

'ဘာဆိုင်လဲကွ... သူတို့ နိုင်ငံက ဘုရင့်သမီးတော်လည်း တို့တိုင်းပြည်က လူငယ်လေးတစ်ယောက်နဲ့ ချစ်သူဖြစ်နိုင်တာပဲ'

အပိုတွေ မပြောနဲ့... ရှေ့က ဓာတ်လှေကား တံခါးပေါက် ထဲဝင်၊ အပေါ် ငါးလွှာကို တက်ရမယ်'

ဓာတ်လှေကား အခန်းထဲ ကျွန်တော်ဝင်လိုက်တယ်။ သူက အပေါ်ထပ် ငါးလွှာမြောက် ရပ်ပေးလိမ့်မယ်။ 5 ဆိုတဲ့ သင်္ကေတ ခလုတ်ကလေးကို နှိပ်လိုက်တယ်။ ဓာတ်လှေကား ခုံပေါ်ကတစ်ဆင့် မြို့တော်ရဲ့ အဆောက်အအုံတွေကို ကျွန်တော် အပေါ်က မြင်နေရတယ်။

'ကျန်တဲ့ကောင်တွေရော ဘယ်ရောက်ကုန်ပြီလဲကွ'

'ဒီကောင်တွေက သူတို့ခွင်နဲ့ သူတို့ရှိပြီးသားကွ၊ ကိုယ့်ရွာက ဘုရားပွဲ ခဏပြန်သလို ကိုယ့်တိုင်းပြည်ထဲ ရက်တစ်ပတ်လောက် ခဏဝင်ခိုတာ၊ ကိုယ့်အိမ်ကိုယ် ပိုက်ဆံ



ပေးပြီး ပြန်ထွက်ကြတာ ထုံးစံပဲ၊ တချို့ကောင်တွေက သစ်စက်ဆီ ပြန်သွားပြီး သစ်စက် အလုပ်သမား လုပ်တာပေါ့ကွာ၊ တချို့က ငါးခိုးဖမ်းတဲ့ လှေနဲ့ ပါသွားတယ်။ တချို့က သံဂဟေဆက်၊ တချို့က ပန်းကန်ဆေး၊ ဆေးလူမိုက်ရုပ်ပေါက်နေတဲ့ အကောင်နှစ်ကောင်ကတော့ ပြည့်တန်ဆာအိမ်ရဲ့ အပေါက်စောင့် အလုပ်ကို ပြန်လုပ်မှာ သေချာတယ်'

ကျွန်တော်က တွေးနေမိတယ်။

သစ်စက်အလုပ်သမားက သစ်လုံးပိ မသေနိုင်ဘူးလား။

စက်လှေနဲ့ ငါးခိုးဖမ်းတဲ့ ကောင်ကကော သေနတ်မှန်ပြီး မသေနိုင်ဘူးလား။

ဂဟေဆော်တဲ့ ကောင်က မျက်လုံး မပျက်စီးနိုင်ဘူးလား။

အတွေး မဆုံးသေးဘူး၊ ဓာတ်လှေကားက ရပ်သွားတယ်။

ပဉ္စမမြောက် အလွှာကို ရောက်ပြီ။

ဓာတ်လှေကားတံခါး ပွင့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလွှာငါး‌ရဲ့ တိုက်ခန်းတံခါး နံဘေးမှာ လျှပ်စစ်ခေါင်းလောင်းရဲ့ ခလုတ်ကလေးရှိတယ်။

သူ နှိပ်လိုက်တယ်။

နေပါဦး ကျွန်တော်နဲ့အတူတူ ဒီအလွှာပေါ် တက်လာတဲ့ သူ့နာမည်က ဘယ်သူလဲ။

လောလောဆယ် သူ့နာမည်ထက် ပို အရေးကြီးသူကတော့ ဟောဒီ အလွှာငါးက ဘိုတောက်ပဲ။

အခန်းငါးရဲ့ တံခါးပွင့်လာတယ်။

ဘိုတောက်ဆိုတဲ့ ငနဲက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဗရပျစ်နဲ့၊ အသားမည်းမည်း မုတ်ဆိတ်မွေး ပါးမြိုင်းမွေး နှုတ်ခမ်းမွေး ထူလပျစ်နဲ့၊ ဂျင်းဘောင်းဘီအနက်နဲ့ ချည်ကတ္တီပါ အင်္ကျီလက်ရှည် ညိုမှိုင်းမှိုင်းကို တွဲဖက်ဝတ်ထားတယ်။ မျက်နှာက ခွေးဘီလူးတစ်ကောင်ရဲ့ မျက်နှာမျိုး။

'ထိုင်ကြပါ'

ဘိုတောက်က အနောက်တိုင်းက မင်းသားတွေ ဟန်ပန်လို လက်ဖဝါးဖြန့် ဆန့်တန်းကာ သူ့ရှေ့က ကုလားထိုင်မှာ ထိုင်ဖို့ ညွှန်တယ်။



'အလုပ်တွေက အဆင်သင့် ရှိနေတယ်။ အလုပ်သမားအတွက် နေစရာပါ သူတို့ပေးလိမ့်မယ်၊ အလုပ်မရွေးဘူး မဟုတ်လား၊ ရာရ လုပ်မှာ မဟုတ်လား'

'လုပ်မှာ'

ကျွန်တော်နဲ့ အတူပါသူက ပြောတယ်။

ကျွန်တော်ကတော့ ငြိမ်သက်လို့။

'မှန်တွေကို ဖြတ်ရမယ်၊ပြီးကျတော့ တိုက်နံရံကနေ လှေကားနဲ့တက်ပြီး မှန်တပ်တဲ့ လူဆီ ပို့ပေးရမယ်၊ လုပ်မှာ မဟုတ်လား'

'လုပ်မယ်'

ကျွန်တော့် အဖော်က ပြောတယ်။

'ပထမတစ်လလုံးရဲ့ လုပ်အားခထဲက ကျွန်တော့်ကို ငါးရာခိုင်နှုန်း ပေးရမယ်၊ နောက်လတွေမှာတော့ ကိုယ့်လုပ်အားကိုယ် လုံးဝ ပိုင်သွားပြီ၊ ဖြစ်တယ်နော်'

'အိုကေ'

ကျွန်တော့် အဖော်က ပြောတယ်။

'ဒါဖြင့် ကျွန်တော် စာရေးပေးလိုက်မယ်၊ စာအိတ်အပေါ်က လိပ်စာအတိုင်းသာ သွားပါ'

www.burmeseclassic.com

www.burmeseclassic.com



ဘိုဟောက်က စာလေးတစ်စောင် အင်္ဂလိပ်လို ရေးတယ်။ တိုတိုလေးပါ။ ပြီးတော့ စာအိတ်ထဲ ထည့်တယ်။ စာအိတ်ပေါ်က လိပ်စာရေးတယ်။ ကျွန်တော့်အဖော်ကို အဲဒီ စာအိတ် ကမ်းလိုက်တယ်။

'ရပါပြီ၊ သွားလို့ ရပါပြီ၊ တစ်လပြည့်ရင်သာ ကျွန်တော့်ဆီ အကျိုးဆောင်ခလာပေးဖို့ မမေ့ကြပါနဲ့'

ဘိုတောက်က စကားပြောတာကတော့ အေးအေးဆေးဆေးပဲ။ သူ့မျက်နှာကတော့ အေးစက်စက်နဲ့၊ သူ့မျက်လုံးတွေက ကျွန်တော်တို့ကို ကြည့်ရာမှာ ကယ်တင်ရှင်လို သရုပ်ဆောင် ထားတယ်။

'ကျေးဇူးပဲ'

ကျွန်တော်တို့ နှစ်ယောက် ဓာတ်လှေကားကပဲ ပြန်ဆင်းလာကြတယ်။

ဟိုကောင် လက်ထဲမှာ စာအိတ်ကလေးကို ကျေးဇူးရှင်လို ကိုင်လို့။

မြေညီထပ်ကို ရောက်တဲ့အခါ သူဟာ စာအိတ်ပေါ်က လိပ်စာကို ဖတ်ကြည့်ပြီး



'သွားဖို့ လွယ်ပါတယ်ကွာ ဒီအနားတင်ပါပဲ၊ ငါတို့ လမ်းလျှောက်ပြီး သွားကြတာပေါ့'

ကျွန်တော်က သူ ဦးဆောင်တဲ့ နောက်ပဲ အသာကလေး လိုက်လာတယ်။

'ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ၊ မင်းက ဘယ်မြို့ကလဲ'

အခုမှပဲ ကျွန်တော်က သူ့ နာမည်ကို မေးဖြစ်တော့တယ်။

'ငါ့နာမည်က နေတိုးကြည်၊ မော်လမြိုင်ကပဲ'

ကျွန်တော်တို့ လမ်းလျှောက်ရင်းနဲ့ ရောက်ပြီကွ ဟိုဟာပဲလို့ သူပြောတယ်။

ဆောက်ပြီးခါစ အဆောက်အဦကြီး တစ်ခုပါ။ အဆောက်အဦရဲ့ အတွင်းပိုင်းမှာ ပါကေးပြားတွေ ခင်းနေတယ်။ အဆောက်အဦရဲ့ အပြင်ဘက်မှာတော့ လှေကားတွေ ထောင်ထားတယ်။ ပြတင်းပေါက်တွေကို မှန်တပ်ဆင်နေရာမှာ မှန်ချပ်တွေကို ကိုင်ပြီး လှေကားနဲ့ တက်ဆင်းနေကြတယ်။

နေတိုးကြည်က အလုပ်ခွင်ရဲ့ မန်နေဂျာကို ဘိုတောက် ပေးတဲ့ စာအိတ်လေး ထိုးပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ဖွင့်တောင် မဖတ်ပါဘူး။

'အေး အခုစပြီး အလုပ်ဆင်းရမယ်၊ အခုစပြီး အလုပ်မဆင်းရင် မနက်ဖြန်မှာ ငါ အလုပ်မခန့်နိုင်ဘူး၊ အလုပ်သိမ်းတဲ့အခါတော့ မင်းတို့အတွက်အိပ်စရာ ဂိုဒေါင်ကြီးတစ်လုံး ရှိတယ်၊ အသွားအပြန် ဖယ်ရီ ရှိတယ်'

သူက အင်္ဂလိပ်လို တိုတိုတောင်းတောင်း ပြောတာပါ။ ကျိုးကျိုးပဲ့ပဲ့ အင်္ဂလိပ်စကားပါ။ ကျွန်တော် ကိုယ်တိုင်ကလည်း အင်္ဂလိပ်စကားကို ခုလို ကျိုးကျိုးပဲ့ပဲ့ ပြောမှသာ နားလည်တာပါပဲ။

ကျွန်တော်တို့ ကျောပိုးအိတ်တွေကို တခြား အလုပ်သမားတွေရဲ့ ကျောပိုးအိတ်တွေရဲ့ အနီးအနားမှာပဲ၊ စုပုံပစ်ချရပါတယ်။

မှန်ကို ဖြတ်ပေးတဲ့ လူရှိနေတယ်။

ကျွန်တော်တို့က ဖြတ်ပြီးသား မှန်ချပ်ကြီးကို ကိုင်ပြီး လှေကား သေးသေးလေးပေါ် တက်ရတယ်။ မှန်တပ်ဆင်သူက အပေါ်မှာ အသင့် စောင့်နေပါတယ်။

ကျွန်တော်ဟာ ပထမဆုံး မှန်တစ်ချပ်ကို ကိုင်ပြီး လှေကားပေါ် စတက်တယ်။



ကျွန်တော့် ဒူးတွေက လုပ်ဖူးလုပ်စ မရှိတော့ တုန်နေတယ်။

လှေကားရဲ့ တစ်ဝက်အရောက်မှာ ကျွန်တော့် လက်တွေပါ တုန်ယင်လာတယ်။

မှန်ကို ပွေ့ကိုင်ပြီး နောက်ထပ် လှေကားတစ်ထစ်ကို အတက်မှာ ဘာမှ အဆက်အစပ် မရှိဘဲ ကျွန်တော့်မေမေရဲ့ မိန်းမမျက်နှာကို ကျွန်တော် ဖျတ်ခနဲ မြင်လိုက်တယ်။

အာရုံထဲမှာ အဲ့ဒီ မိန်းမမျက်နှာက ဖျတ်ခနဲ ပေါ်လာတာပါ။

အဲ့ဒီမိန်းမဟာ လေထဲမှာ ပျံဝဲလာသလိုပဲ။

အဲ့ဒီမိန်းမဟာ ကျွန်တော့် လက်မောင်းကို ဆွဲကိုင်ယမ်းလိုက်သလိုပဲ။

ကျွန်တော့်လက်မောင်းဟာ လှုပ်သွားတယ်။

လှေကားဟာလည်း ရွေ့သွားသလိုပဲ။

ကျွန်တော့် ရင်ထဲဟာသွားတယ်။

အသည်းနှလုံးကို ဆွဲအနုတ်ခံလိုက်ရသလိုပါပဲ။

ကျွန်တော့် လက်ထဲက မှန်ချပ်ဟာ အောက်ကို လွတ်ကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှန်နဲ့ မြေပြင်ထိပြီး ချလွမ်ဆိုတဲ့ အသံရဲ့ ကျယ်လောင်မှုကို ကျွန်တော့်ရင်ထဲကနေ ကြားလိုက်ရတာဟာ တစ်ကမ္ဘာလုံးရဲ့ မှန်ချပ်တွေအားလုံး ကွဲကြေမွသွားသလိုပါပဲ။

နံဘေး လှေကားပေါ်က ကောင်တွေက ကျွန်တော့်ကို မျက်လုံးပြူး မျက်ဆန်ပြူး ကြည့်နေကြတယ်။

အောက်က ကုလားထိုင်မှာ ထိုင်နေတဲ့ မန်နေဂျာ ထရပ်တယ်။ ကျွန်တော့်ကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး

'ဟေ့ကောင် အခုဆင်းခဲ့'

လို့ သူက အော်ပြောတယ်။

နေတိုးကြည်ကလည်း လှေကားတစ်ခုပေါ်ကနေ ကျွန်တော့်ကို ပြူးပြဲကြည့်လို့။

ကျွန်တော်က လှေကားထစ်အတိုင်း ဖြည်းဖြည်းချင်း အောက်ကို ဆင်းသွားတယ်။

အလုပ်ရုံမန်နေဂျာက ကျွန်တော့်လှေကား အောက်ခြေ လျှောက်လာနေပြီ။

ကျွန်တော် အောက်ရောက်ခါစ ရှိသေးတယ်။ သူက ကျွန်တော့်ရင်ဘတ်က အင်္ကျီသားကို လှမ်းဆွဲတယ်။



'ဟေ့ကောင် မင်းရဲ့ ကျောပိုးအိတ်ကို ထားခဲ့၊ မင်းပြန်တော့၊ မင်းကို ငါအလုပ် ဖြုတ်လိုက်ပြီ'

'ကျုပ် ကျောပိုးအိတ်ထဲက ပစ္စည်းတွေက ခင်ဗျားမှန်တစ်ချပ်ရဲ့ အဆတစ်ရာ တန်ဖိုးရှိတယ်'

ကျွန်တော်က ပြန်အော်တယ်။

အမှန်တော့ ကျွန်တော့် ကျောပိုးအိတ်ထဲမှာ ငွေတွေဘာတွေ မပါပါဘူး။ ငွေက ကျွန်တော့်ဂျင်းဘောင်းဘီအိတ်ထောင်ထဲမှာပါ။ ဒါပေမဲ့ ဗင်ဟာယ်လင်ရဲ့ သီချင်းတိတ်ခွေ တစ်ခွေ ပါနေတယ်။ အဲဒီ ဗင်ဟာယ်လင်ရဲ့ တိတ်ခွေတစ်ခွေဟာ ဒီမန်နေဂျာ ငတိထက် အဆပေါင်းများစွာ တန်ဖိုးကြီးသလို သူ့ရဲ့ဘောစ့်ထက်လည်း တန်ဖိုးကြီးတာပါပဲ။

'လူလွန်မသား ကလေကလွင့်ကောင် ဘယ်နိုင်ငံကနေများ ရေပုပ်မြောင်းထဲ မျောပါလာသလဲ မသိဘူး'

မန်နေဂျာရဲ့ လေသံက မိန်းမလျာ ဆန်နေတယ်။ လူကောင်ကြီး ကြီးပြီး ကြံ့ကြံ့ဖွံ့ဖွံ့နဲ့ မိန်းမလျာ ဖြစ်နေသူတွေ တစ်ပုံကြီးပါ။

'ဟေ့ကောင် မင်း မဆဲနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အင်္ကျီကို ဆွဲထားတဲ့ သူ့လက်တွေကို ကျွန်တော့်လက်နဲ့ ဆွဲညှစ်လိုက်တယ်။

'လူလွန်မသား... ကလေကလွင့်ကောင် နှာရှိုပိုင်း အတွင်းမှာ မြောင်းထဲရောက်ပြီး ထမင်းငတ်ပြီး သေမယ့် ကောင်... မြောင်းထဲမှာသေပြီး ပုပ်နေဦးမယ့်ကောင်'

မန်နေဂျာရဲ့ လက်ဖျံကို ကျွန်တော့်လက်တွေနဲ့ ပြုတ်တူ ညှပ်သလို ညှပ်ထားလိုက်တယ်။

ငတိကရှုံ့မဲ့နေတယ်။

'ခွေးသား... ငါ့လက်ကို ခုလွှတ်'

သူ့တပည့် နှစ်ယောက်က ကျွန်တော့်ထံ ပြေးလာနေတယ်။ မန်နေဂျာကို လက်သီးနဲ့ထိုးထည့်ရမလား၊ ဒီငတိက မိန်းမလျှာပဲ၊မိန်းမလျှာကို လက်သီးတစ်လုံး လက်ဆောင်ပေးရတာ မတန်ဘူး။ ကျွန်တော် သူ့ပါးဖောင်းဖောင်းကို ကျွန်တော့် လက်ဖဝါးနဲ့ ခပ်စပ်စပ်လေး ရိုက်ထည့်လိုက်တယ်။ သူ့ မျက်နှာကြီး နီရဲသွားတယ်။

သူ ကျွန်တော့်ဆီ ရှူးရှူးရှားရှား ပြေးကပ်လာတော့ သူ့ ညို့သကျည်းကို ကျွန်တော့် ဖိနပ်ဦးနဲ့ ကန်ထည့် လိုက်တယ်။ သူ အားခနဲ လဲကျသွားတယ်။ မန်နေဂျာ



တစ်ယောက်လုံး လဲကျသွားတာ မြင်ရတော့ သူ့တပည့် နှစ်ကောင်ဟာ မန်နေဂျာကို ခြေထောက်နဲ့ ကန်ရဲသူအဖြစ် ကျွန်တော့်ကို အံ့အားတသင့် ကြည့်နေကြတယ်။ ဒီနှစ်ကောင် ကျွန်တော့်ဆီ ပြေးကပ် မလာတော့ဘူး။ သူ့အဘ မန်နေဂျာ ကြဲ့ကြဲ့ဖွံ့ဖွံ့ကြီးကိုပဲ ဝိုင်းပြီး ထူမတ်နေကြတယ်။ အဲဒီ ငတိက သူတို့နှစ်ယောက် လက်ထဲက လျှောဆင်းကျလာပြီး မြေပြင်ပေါ်မှာ ဘိုင်းခနဲ ပုံလဲသွားပြန်ရော။

'သွားမယ်... မင်းထင်သလို ရေပုပ်မြောင်းထဲမှာ မြုပ်ပြီး သေမယ့်ကောင်တော့ မဟုတ်ဘူး၊ ရေဆန်လမ်းအတိုင်း ငါသွားမယ်'

ကျွန်တော့်ရဲ့ ကျောပိုးအိတ်ကို ကျွန်တော် လွယ်ပိုးပြီး ကျွန်တော့်အတွက် ကျက်သရေ မင်္ဂလာ မရှိတဲ့ အဆောက် အဦကြီးကို ကျွန်တော် ကျောခိုင်းလျက် ထွက်ခွာလာခဲ့ ပါတယ်။

ကျွန်တော့် အနောက်ဘက်ဆီမှာ မှန်ချပ်တွေ တခြွမ်း ခြွမ်း ကွဲကျန်ရစ်တယ်။ ငလျင် အကြီးအကျယ် လှုပ်တယ်။ မှန်တိုင်းတွေ ကျတယ်။ မိုးတွေ တဝေါဝေါ ရွာသွန်းတယ်။ အဆောက်အဦကြီးလည်း ပြိုပျက်ပြီး မိုးရေထဲ မျော[illegible]သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အဲ့ဒါ ကျွန်တော့် နောက်ကျောမှာ ဖြစ်ပျက်နေခဲ့တဲ့ အဖြစ်အပျက်တွေပဲပေါ့။

အပျက်အစီး အပြို့အကွဲ မှန်သမျှ ကျွန်တော်က ကျွန်တော့် နောက်မှာ ချန်ထားခဲ့ပြီ။

ကျွန်တော် ရှေ့ကိုသွားမယ်။

ကျွန်တော် ရှေ့ကိုသွားမယ်။

ကျွန်တော် အနာဂတ်ဆီသွားမယ်။

ကျွန်တော် အနာဂတ်ဆီသွားမယ်။

မှန်တယ်။

ကိုယ့်တိုင်းပြည် မဟုတ်တဲ့ သူစိမ်းတစ်ရံဆံတို့ရဲ့ တိုင်းပြည်ထဲမှာ အဖော်မဲ့စွာ ကျွန်တော် ရောက်နေတယ်။

လူတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ တိုင်းပြည်တစ်ပြည် ယှဉ်ပြိုင်တဲ့အခါ သန်မာတဲ့ဘက်က အနိုင်ရမှာပေါ့။

အခြားတိုင်းပြည်ထဲမှာ ကျွန်တော့်ကိုယ်ခန္ဓာ ကျွန်တော့် အလုပ်အကိုင်ဟာ သေးသေးမှုန်မှုန်လေး ဖြစ်နေမယ်။ လုံးဝ မှုန်ဝါး အရာမထင်ဘဲ ဖြစ်နေမယ်။

ဒါပေမဲ့ ကျွန်တော့် စိတ်ဓာတ်ဟာ ဟောဒီ တိုင်းပြည်ထက် ကြီးမားပြီး၊ ဟောဒီ တိုင်းပြည်ထက် မာကျောဖို့



လိုအပ်တာကို ကျွန်တော် ကိုယ်တိုင် သဘောပေါက်နေသမျှ ကျွန်တော် ဘာကိုမှ မကြောက်သလို်ပဲ။

ဟောဒီမှာ ဘာကိုမှ မကြောက်ဘဲ ကျွန်တော့်ကိုယ်ထဲ က သွေးကို ကျွန်တော် ယုံကြည်စွာ လမ်းလျှောက်နေပါ တယ်။

ဘူတာရုံ တစ်ခုဆီ ကျွန်တော် ရောက်လာတယ်။

ဘယ်ကို သွားရမယ်။ ကျွန်တော် မသိဘူး။ ရထား တစ်စီး ဘူတာမှာ ဆိုက်လာတယ်။ အဲ့ဒီ ရထားပေါ် ကျွန်တော် တက်လိုက်တယ်။ ရထားတွဲတစ်တွဲရဲ့ ထိုင်ခုံ တစ်ခုမှာ ကျွန်တော် ဝင်ထိုင်တယ်။

ဟောဟိုမှာ လက်မှတ်စစ် ဝင်လာနေပြီ။

ကျွန်တော် ထပြေးရမလား။

ကျွန်တော်မှ လက်မှတ်မဝယ်ခဲ့မိတာ။ ရောက်ခါနီး မှာပဲ ရထားတွဲထဲမှာ ဗုံးတစ်လုံး ထကွဲတယ်။ ကျွန်တော် သိပ်အံ့ဩသွားတယ်။ သူ့တို့ တိုင်းပြည်က ရထားတွဲတွေ ထဲမှာ အဲ့ဒီလို ဗုံး‌ထ,ထကွဲတတ်တယ်ဆိုတာ ကျွန်တော် ဗဟုသုတ ရှိထားဖို့တော့ ကောင်းတာပေါ့။

ရထားဟာ ရပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေ တက်လာတယ်။

ဟောဒီ ရထားတွဲထဲမှာ မယုံကြည်စရာ အကောင်းဆုံး လူတစ်ယောက်ဟာ ကျွန်တော်ကလွဲပြီး အခြားသူ မဖြစ်နိုင်ဘူးလို့ ရဲတွေဟာ ယူဆဟန်တူတယ်။

ကျွန်တော့်ကို သူတို့ ဖမ်းချုပ်လိုက်ကြတယ်။ ကျွန်တော့်ကို သူတို့ရဲ့ ရဲစခန်းတစ်ခုဆီ ခေါ်သွားကြတယ်။ ကျွန်တော့်ကို အချုပ်ခန်းထဲ ဆောင့်ကန် သွင်းလိုက်ကြတယ်။

ညကျတော့ သူတို့ဆီက ရဲသုံးယောက် အချုပ်ခန်းထဲ ဝင်လာတယ်။

ကျွန်တော့် ဂျင်းဘောင်းဘီကို သူတို့ ဆွဲချွတ်ကြတယ်။ ကျွန်တော့် ဘောင်းဘီအိတ်ထဲက ငွေကြေးတွေ သူတို့ ခွဲယူကြတယ်။

ကျွန်တော့်ကို တစ်ဖက်လှည့်ခိုင်းပြီး အလွန်ကြီးမား ရှည်လျားတဲ့ ကြိမ်လုံးကြီးနဲ့ ကျွန်တော့်တင်ပါးကို အချက်ပေါင်းများစွာ ရိုက်ကြတယ်။

ကြိမ်လုံးကြီးဟာ လေထဲမှာ ဝဲဝဲတက်သွားပြီး ကျွန်တော့် တင်ပါးပေါ် ရွှမ်းခနဲ ရွှမ်းခနဲ ကျရောက်ချိန်မှာ



ကျွန်တော့် အသည်းနှလုံးကို တိုက်ရိုက်ထိသလို ကျွန်တော့်မှာ နာကျင်နေမိတယ်။

ကျွန်တော့် စအိုထဲမှာ ရွှေချောင်းလေး တစ်ချောင်း ကျွန်တော် ထည့်သွင်းထားခဲ့တာ။ အကျပ်အတည်း ကြီးကြီးကျယ်ကျယ်တွေ့ရင် ထုခွဲဖို့ပါ။ သူတို့ဆီက ရဲတွေက အဲ့ဒီ ရွှေချောင်းလေးကို ရအောင်ယူသွားနိုင်ခဲ့ကြတယ်။

အချုပ်ခန်းထဲမှာ ကျွန်တော်ဟာ ရက်ပေါင်းများစွာ နေထိုင်ရတယ်။

ကျွန်တော့်ကို သူတို့ဆီက ရဲအရာရှိက မကြာခဏ အချုပ်ခန်း အပြင်ထုတ် စစ်ဆေးတယ်။

နောက်တော့ ရထားပေါ်မှာ ဗုံးခွဲတာ ကျွန်တော်မဟုတ်ဘူးဆိုတာ ရဲအရာရှိက လုံးဝ ယုံကြည်သွားတယ်။ ဒါပေမဲ့ ရွှေချောင်းလေးကိုတော့ သူတို့ ပြန်မပေးကြပါဘူး။ ဗုံးဖောက်ခွဲသူဟာ ကျွန်တော်မဟုတ်ကြောင်း ခိုင်လုံနေပေမယ့် ကျွန်တော့်ကို အပြင်ဘက် ပြန်မလွှတ်သေးဘဲ အချုပ်ထဲမှာပဲ ဆက်ထားတယ်။

ကျွန်တော်ကလည်း ဒီတိုင်းပြည်ထဲမှာ ဘယ်ကိုသွားလို့ သွားရမှန်း မသိတဲ့ အတူတူ ဒီ အချုပ်ထဲမှာ နေရတာကမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် လုံခြုံစိတ်ချမှု ရှိနေတယ်လို့ ကျွန်တော် ခံစားရတယ်။ သူတို့တွေဟာ နေ့တိုင်း ကျွန်တော့်ကို ထမင်း တစ်နပ်တော့ ကျွေးကြပါတယ်။

အဲ့ဒီတိုင်းပြည်ရဲ့ အပြင်လောကကြီးကို ကျွန်တော် ဘာမှ နားမလည်ဘဲ စိမ်းနေစဉ် အချုပ်ခန်းထဲ အရင်ဝင်လိုက် ရတာဟာ ကျွန်တော့်အဖို့ တစ်မျိုးကောင်းနေတယ်။

အချုပ်ခန်းထဲမှာ အပြင်ကို ချောင်းကြည့်တဲ့ ချောင်းကြည့်ပေါက်လေး ရှိနေသလိုပဲ။

အချုပ်ခန်းထဲမှာ ရေဒီယိုတစ်လုံးမှ မရှိပေမယ့် ရေဒီယို တွေ ရှိနေသလိုပဲ။

အချုပ်ခန်းထဲမှာ ဖက်စ်တွေ အင်တာနက်တွေတောင် ရှိနေသလိုပဲ။

အချုပ်ခန်းထဲကို လူသစ်တွေ ဝင်ဝင်လာတယ်။ လူဟောင်းတွေ ထွက်ထွက်သွားတယ်။

လူတွေဟာ ကမ္ဘာကြီးပဲ။

လူတွေဟာ တိုင်းပြည်ပဲ။

လူတွေဟာ မြို့ပြပဲ။



လူတွေဟာ ကျေးလက်ပဲ။

လူတွေဟာ ရွှေခင်းပဲ။

လူတွေဟာ မြင်ကွင်းပဲ။

လူတွေရဲ့ ပါးစပ်ပေါက်တွေဟာ ရေဒီယိုတွေပဲ။ အင်တာနက်တွေပဲ။

အချုပ်ခန်းထဲမှာ ကျွန်တော်ဟာ မိတ်ဆွေတချို့လည်း ရလိုက်တယ်။ ရန်သူတချို့လည်း ရလိုက်တယ်။ အကျဉ်း အကျပ်ကလေးထဲမှာ အတူတူနေ နေရစဉ်မှာတောင် လူတွေ ဟာ တစ်ဦးနဲ့တစ်ဦး ကောက်ကျစ် ယုတ်မာတတ်သေး တယ်။ အမှန်ဆို အကျဉ်းအကျပ်ထဲမှာ တစ်ယောက်ကို တစ်ယောက် ပွန်းရမှာ မဟုတ်လား။

ကျွန်တော်ဟာ အချုပ်ထဲမှာ မြန်မာလူငယ်များနဲ့ မိတ်ဆွေ ဖြစ်သွားပါတယ်။ တခြား တိုင်းပြည်ရဲ့ အချုပ်ခန်း ထဲမှာ ကိုယ့်မြန်မာပြည်ရဲ့ အကြောင်း ညည ပြန်ပြောပြရတာ လွမ်းစရာတော့ အကောင်းသားရယ်။ တပေါင်းလပြည့် ရွှေတိဂုံ ဘုရားပွဲအကြောင်း ပါသလို၊ ပြာသိုလပြည့် ပုဂံ အာနန္ဒာ ဘုရားပွဲအကြောင်းလည်း တခြား တိုင်းပြည်ရဲ့ အချုပ်ထဲမှာ ကျွန်တော်တို့ ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တိုင်းပြည်က လမင်းပြည့်ပြည့်ကြီးဟာ တခြားတိုင်းပြည်ရဲ့ အချုပ်ခန်းထဲမှာ ရွှန်းမြယိုစီးလို့။ မြန်မာ ရန့်ထဲမှာ ဆည်းလည်းသံလေး မျောပါလို့။

အချုပ်လျှော့ရက်ကလေး အတော်ရတော့ သူနဲ့အတူတူ ပဲ ကျွန်တော် လွတ်မြောက်လာပါတယ်။

❦ ❦ ❦

# [ ၄ ]

လမ်းပေါ်မှာ သူက လေကလေး ချွန်လို့။

သူ့ရဲ့ ပေါ့ပါးမှုဟာ ပိုးမွှားတွေလိုပဲ ကျွန်တော့်ဆီ တွားသွား ကူးစက်လာမလို ကျွန်တော် ခံစားလိုက်ရတယ်။

သူက ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မိုးကောင်းကင်ဆီ တစ်ချက် ဖျတ်ဆို မော့ကြည့် လိုက်သေးတယ်။ လေချွန်တာကို ရပ်လိုက်ပြီး လမ်းနံဘေးက တိုက်တွေကို သူ လမ်းလျှောက်ရင်း စိန်းစိန်းကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဒီတိုင်းပြည် ရောက်နေတာ ရှစ်နှစ်ရှိပြီကွ။ အချုပ်ထဲ ရောက်ဖူးတာ အကြိမ်သုံးဆယ် ရှိသွားပြီ။ ဒီလိုပဲ ငါ့ကို အချုပ်ထဲ ဆွဲဆွဲထည့်ပြီး နောက်တော့လည်း ဒီလိုပဲ ပြန်ပြန်လွှတ်လာတာပါပဲ။ အချုပ်ခန်းရဲ့ အနံ့တွေ ငါ ကောင်းကောင်း မှတ်မိနေပြီ'

သူ့စကားလုံးတွေက ရေခဲတုံးလို အေးစက်ပြီး သူ့အသံက ၂၄ နာရီ ခုတ်မောင်းထားတဲ့ အင်ဂျင်တစ်လုံးလိုပဲ။ သူ့ မျက်နှာက ခဲလုံးနေ့တိုင်း ထိမှန်ခံရတဲ့ လမ်းဘေးက ကျောက်ရုပ် မျက်နှာမျိုး။

'မင်း ကိုယ့်တိုင်းပြည်ကိုယ် ဘယ်တော့ ပြန်မှာလဲ'

သူ့မျက်နှာပေါ်မှာ ကွက်လပ်တွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းသွားတယ်။

'ကိုယ့် တိုင်းပြည် ဟုတ်လား'

သူ့ အလန့်တကြားအသံကို ကျွန်တော် ရယ်မောပစ်ချင် နေမိတယ်။

'အေးပေါ့ကွ၊ ကိုယ့်တိုင်းပြည် ကိုယ့်မြေကြီးပေါ့ကွ'

'မင်းပြောတဲ့ ကိုယ့်တိုင်းပြည်ဆိုတဲ့ ...ါဟာရကို ငါ မစဉ်းစားဖြစ်တာ ကြာပြီ။ မြန်မာပြည်မှာ ငါ့အမေရော



ငါ့အမေရော လွန်ခဲ့တဲ့ ငါးနှစ်က ဆင့်ကဲ ဆက်တိုက် သေသွားခဲ့ကြပြီ။ ငါ့မိဘတွေက ရန်ကုန်မှာ အိမ်ငှားနေကြတာ။ ဟိုမှာ ငါ့ဆွေတွေမျိုးတွေကလည်း ငါနဲ့ သွေးဝေးတယ်။ ခပ်စိမ်းစိမ်းပဲ၊ ဆက်ဆံရေး ကျဲကျဲပဲ။ မြန်မာပြည်ကို ငါ ပြန်ပြီဆိုပါတော့ကွာ။ ငါ ဘယ်သူ့အိမ်ကို ပြန်ရမှာလဲ။ ငါ့မှာ အိမ်မရှိဘူးကွ။ ငါ့မှာ ပြန်စရာ အိမ်မရှိဘူး'

'အိမ်' လို့ ပြောလိုက်ရမှာဟော့ သူ့အသံက အလွမ်းဆန်နေတယ်။ ဒီ နေရာဟာ သနားစရာ သတ္တဝါပဲ။ ခွေးတစ်ကောင်ပဲ။

'မင်း ဒီမှာ ပိုက်ဆံကော စုထားတာ ရှိသလား'

ငှက်တစ်အုပ်ဟာ သူ့မျက်နှာထဲက ထိုးဖောက် ပျံသန်းသွားတယ်။ အလန့်တကြား တောင်ပံခတ်သံတွေတောင် ကျွန်တော် ကြားလိုက်ရတယ်။

'ပိုက်ဆံ ဟုတ်လား'

သူ့ အာမေဍိတ်သံကို ကျွန်တော် ထပ်မံ ရယ်ချင်သွားမိပြန်တယ်။

'အေးလေကွာ ပိုက်ဆံပေါ့။ မင်း ဒီမှာလာ အလုပ်လုပ်တာ ပိုက်ဆံများများ ရချင်လို့ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မှာ ပိုက်ဆံ လုံးဝမရှိဘူး။ နေ့စဉ် အလုပ်လုပ်လို့ ရတဲ့ ပိုက်ဆံတွေကို အကုန်[illegible]ချပစ်လိုက်တာပဲ'

သူ့ ဂျင်းဘောင်းဘီရဲ့ ဒူးဆစ် နေရာမှာ မတရား စုတ်ပြဲနေတယ်။

သူ့မျက်နှာက စုတ်ပြဲနေတယ်။

သူ့အသံက စုတ်ပြဲနေတယ်။

သူ့ဘဝက စုတ်ပြဲနေတယ်။

သူ့ရည်ရွယ်ချက်က စုတ်ပြဲနေတယ်။

သူဟာ တကယ့် ကလေကချေ တစ်ယောက်ရဲ့ စတိုင် အတိုင်း လမ်းလျှောက်နေတယ်။

ကျွန်တော် သူနဲ့ လမ်းခွဲလိုက်တယ်။

အချုပ်ခန်းထဲကနေပြီး ဒီတိုင်းပြည်ရဲ့ အချက်အလက် တော်တော်များများကို ကျွန်တော် စုပ်ယူခဲ့ပြီးပြီမို့ ကျွန်တော် ဟာ အလုပ်မရမှာလည်း မကြောက်တော့ဘူး။ ထမင်းငတ် မှာလည်း ကျွန်တော် မကြောက်တော့ဘူး။ အလုပ်ရှာပေး တဲ့ ပွဲစားမလိုဘဲ ဘယ်နေရာမှာ အလုပ်လိုနေတယ်။ ဘယ်ပုဂ္ဂိုလ်နဲ့ ဘိုက်ရိုက် ဆက်သွယ်ရ[illegible]ယ် ဆိုတာလည်း ကျွန်တော် သိခဲ့ မှတ်ခဲ့ပြီးပါပြီ။



နောက်နေ့မနက်မှာ ကျွန်တော်ဟာ စားသောက်ဆိုင်မှာ အလုပ်စဝင်တယ်။

ကျွန်တော်တို့ တိုင်းပြည်က မိန်းကလေး တချို့ကို ဒီတိုင်းပြည်မှာ ကျွန်တော် တွေ့ရတယ်။

တချို့က စားသောက်ဆိုင်မှာ၊ တချို့က အိမ်တွေရဲ့ အိမ်ဖော်။

နိုက်ကလပ် ရောက်နေတဲ့ မြန်မာမလေး နှစ်ယောက် ကို ကျွန်တော် သနားတယ်။ နိုက်ကလပ် သိမ်းချိန်မှာလည်း သူတို့ဟာ အခန်းကို တန်းမပြန်နိုင်သေးဘဲ။ ကိုယ်ပိုင်ကား တစ်စီးမဟုတ်တစ်စီးနဲ့ ပါသွားတတ်တယ်။

ကျွန်တော် ဘာမှ မတတ်နိုင်ပါ။

ကိုယ့်ဘဝနဲ့ကိုယ်။

သူ့ဘဝနဲ့သူပဲ။

အစကတည်းက ဘဝပျက်ပြီးသား မိန်းကလေးတွေ ဒီမှာ ပိုက်ဆံ များများရအောင် လုပ်ရှာနေကြတာတွေ ရှိတယ်။ စက်လှေနဲ့ ကူးလာတဲ့လိုင်း။

တချို့ မိန်းကလေးတွေကတော့ ဒီမှာ ယောက်[illegible] တွေလို ပင်ပင်ပန်းပန်း အလုပ် မလုပ်နိုင်တော့လို့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကာ ဘဝ အပျက်ခံလိုက်ရတာတွေလည်း ကျွန်တော် တွေ့ရတယ်။

ကျွန်တော် ကြေကွဲပါတယ်။

ကျွန်တော် ဘာတတ်နိုင်မှာလဲ။

စိတ်ဓာတ် ကြံ့ခိုင်မာကျောပြီး ကိုယ့်ဘဝကို မှဲ့တစ်ပေါက် အစွန်းမခံတဲ့ ကျွန်တော်တို့ တိုင်းပြည်က မိန်းကလေးတွေလည်း ဒီမှာ ရှိတာပဲ။ ကျွန်တော် အရမ်း လေးစားဦးညွတ်တယ်။

ဖန်ပုလင်းလုပ်တဲ့ စက်ရုံတစ်ရုံမှာ ကျွန်တော် အလုပ်လုပ်စဉ်က ကျွန်တော့်တိုင်းပြည် မဟုတ်တဲ့ အခြားတိုင်းပြည်က မိန်းကလေးတစ်ဦးနဲ့ အလုပ်တူတူ လုပ်ရတယ်။

အဲ့ဒီ မိန်းကလေးရဲ့ အသားအရေက ဝါဝါညက်ညက်ကလေးပါ။ သူ့ရဲ့ နာမည်က ပန်စီတဲ့။

သူနဲ့ ကျွန်တော် အတူတူ (အုပ်စုတစ်ခုတည်း) အလုပ်လုပ်တာမှ ရက်သတ္တပတ်တစ်ပတ် မပြည့်ချင်သေးဘူး။

သူက ပြောတယ်။

'ရှင့် ပုံစံကို ကျွန်မ သဘောကျတယ်၊ ရှင်နဲ့အတူ ကျွန်မ တစ်ပတ်လောက် လိုက်နေချင်တယ်၊ တကယ်လို့



ကျွန်မ ပျော်ရွှင်တယ်ဆိုရင်လည်း ခြောက်လတန်သည် တစ်နှစ်တန်သည် လိုက်နေမယ်လေ'

ဘုရားသခင်။

ကျွန်တော် မမျှော်လင့်တဲ့ စကားမျိုးကို သူ ပြောနေပါလား။

ကျွန်တော်က သူ့ပုံစံကို လှေလာကြည့်တယ်။

ရိုးရိုးသားသား မိန်းမကောင်းလေးပါ။

ပွင့်လင်းတယ် ခေါ်မလား။

'မင်းက ကိုယ်နဲ့ နေရမှာ ပျော်ရွှင်ပေမယ့် ကိုယ်က မင်းနဲ့ နေရမှာကို ပျော်ရွှင်မှာ မဟုတ်ဘူး။ ဝမ်းနည်းပါတယ်ကွာ'

လို့ ကျွန်တော်က သူ့ကို ပြောပြလိုက်တယ်။

နောက်နေ့မနက် ကျွန်တော် အလုပ်လုပ်တဲ့ အုပ်စုထဲမှာ သူ့ကို ကျွန်တော် မတွေ့ရတော့ဘူး။ စုံစမ်းကြည့်တော့ အခြား စက်ရုံတစ်ရုံကို ပြောင်းရွှေ့သွားပြီတဲ့။

အဲ့ဒီစက်ရုံမှာ ကျွန်တော်တို့ တိုင်းပြည်က စမ်းစမ်းကြည်နဲ့ ကျွန်တော် ခင်မင်သေးတယ်။ စမ်းစမ်းကြည်နဲ့ ကျွန်တော် လက်ဖက်ရည်တစ်ခွက်စီ မှာသောက်နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မှာ ပြဿနာတစ်ခု တက်နေတယ်ဟာ'

တဲ့ စမ်းစမ်းကြည်က ပြောတယ်။

စမ်းစမ်းကြည်ရဲ့ မျက်နှာက ညှိုးညှိုးလေးရယ်။

'ဘာလို့လဲ'

ကျွန်တော့်က သူမရဲ့ ဘဝကို သိပ်ကြီး စိတ်ဝင်စားတာ တော့ မဟုတ်ဘူး။ ဒါပေမဲ့ အလိုက်အထိုက် သဘော ကျွန်တော် မေးကြည့်တယ်။

ဒီမှာ ရောက်တဲ့အခါ ကျွန်တော်တို့က 'ကိုယ့်ဘဝ' ဆိုတာလေးကို သိပ်အရေးတကြီး ကယ်တင်နေရတော့ တခြားသူတွေရဲ့ ဘဝကို စိတ်ဝင်စားဖို့ အတွေးတွေ ကိုယ့် ဘဝထဲ သိပ်ဝင်မလာတတ်ဘူးလေ။

သိတယ်မဟုတ်လား။

ကိုယ့်ဘဝ

ကိုယ့်ဖြစ်တည်မှု

ကိုယ့်ရှင်သန်မှု

ကိုယ့်လွတ်လပ်မှု

ကိုယ့်လွတ်မြောက်မှု

အဲ့ဒါက သိပ် အရေးကြီးတယ်လေ။



စမ်းစမ်းကြည်က လက်ဖက်ရည်ခွက်ကို ဆွဲယူပြီး သူ့ရဲ့ နှုတ်ခမ်းမှာ တေ့တယ်။ လက်ဖက်ရည် နည်းနည်း သောက်နေတယ်။ ပြီးတော့မှ လက်ဖက်ရည်ခွက်ကို စားပွဲ ပေါ် ပြန်ချတယ်။

'ငါတို့အုပ်စုက အလုပ်သမားခေါင်းဆောင်လေဟာ'

'အေး ဘာဖြစ်လို့လဲ... လီယိုနာဒိုနဲ့ တွဲနေတယ်ဆိုရင် လည်း သူဟာ ဒီစက်ရုံမှာ ဘယ်လာပြီး အလုပ်လုပ်တော့ မှာလဲ၊ ဟောလီးဝုဒ်ကို သွားတော့မှာပေါ့'

'မဟုတ်ပါဘူးဟာ... အုပ်စုတစ်ခုရဲ့ အလုပ်သမား ခေါင်းဆောင်ဟာ သူ့အုပ်စုထဲက သူမကြိုက်တဲ့ လူကို အလုပ်ဖြုတ်ဖို့ မန်နေဂျာကို တင်ပြပိုင်ခွင့်ရှိတာ နင် သိတယ် မဟုတ်လား'

'အေးလေ အဲ့ဒါ ဘာဖြစ်လဲ'

'သူက မိုက်ရိုင်းတယ်ဟာ... ငါ့ကို မနက်တိုင်း ပေါ်တင်ကြီး လာလာပြောနေတယ်။ ငါနဲ့အတူ အိပ်ချင် တယ်တဲ့။ အဲလိုမှ မဟုတ်ရင် ငါ့ကိုသူ အလုပ်ဖြုတ်ဖို့ မန်နေဂျာဆီ တင်ပြမယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နင် သူက အဲလိုလာပြောနေတယ်လို့ မန်နေဂျာကို ကိုယ်က အရင်ဦးအောင် တက်တိုင်ပေါ့'

'သေကော့မှာပဲ... မန်နေဂျာက သူ့ထက်ပိုပြီး ဒီဘက်မှာ ဆိုးတယ်၊ မန်နေဂျာရဲ့ အခန်းထဲ ရောက်သွားတဲ့ မိန်းမတော့ သွားပြီးသာ မှတ်ပေတော့'

'နင် တခြား စက်ရုံတစ်ခုကို ပြောင်းရွှေ့ပေါ့ဟာ'

'ငါ စက်ရုံတွေ ပြောင်းရွှေ့ခဲ့ပေါင်းများပြီ၊ အခုလို ပြဿနာနဲ့ချည်း ငါ ပြောင်းပြောင်းလာခဲ့တာဟာ'

စမ်းစမ်းကြည်ကို ကျွန်တော် သတိထား ကြည့်မိတယ်။ သူက ကိုယ်လုံးကျစ်ကျစ်ကလေးနဲ့ လှနေတယ်။

'နင်က လှတယ်ဟာ'

ကျွန်တော့်နှုတ်က အမှတ်တမဲ့ ထွက်သွားတယ်။

'အေးပေါ့ အဲ့ဒါ ပြဿနာပေါ့၊ လှလဲ လှနေတယ်၊ အလုပ်သမား အလုပ်ကိုပဲ လုပ်ခွင့်ရတယ်၊ ပညာနဲ့ ပတ်သက်တဲ့အလုပ်ကို လုပ်ခွင့်မရဘူး။ အဲ့တော့ ဘဝက မလုံခြုံဘူး ဖြစ်ရောဟာ'

ကျွန်တော် လက်ဖက်ရည် လက်ကျန်ကို အကုန်မော့သောက်လိုက်တယ်။

www.burmeseclassic.com



ဟော လက်ဖက်ရည်သောက် နားချိန်ကုန်ခါနီး သွားပြီ။ အလုပ်ခွင်ထဲ ကျွန်တော် ပြန်ဝင်ရတော့မယ်။

'ငါ သွားမယ်ဟာ'

စမ်းစမ်းကြည်က လက်ဖက်ရည်စားပွဲမှာ ထိုင်မြဲဆက်ထိုင်နေရစ်တယ်။

စမ်းစမ်းကြည်ရဲ့ ဘဝကို ကျွန်တော့် ရင်ဘတ်ထဲထည့်သွင်း သယ်ဆောင်လာမယ်လို့များ ခင်ဗျား ထင်သလား။

လေးပါသေးတယ်။

ရင်ဘတ်ထဲမှာ ပုံပြင်တွေ အကုန်ထည့်ထားလို့ ဘယ်ဆုံမှာလဲနော့။

တချို့ အမျိုးသမီးတွေက ဒီနိုင်ငံသားနဲ့ အတူနေတယ်။ လက်ထပ်မထားဘူး။ အတားအဆီး လုပ်ထားတဲ့ကြားကနေပဲ ကိုယ်ဝန်ကရှိလာတယ်။ ဘယ်နှယ့်လုပ်မလဲ။ ဒီတိုင်းပြည်က ကောင်ကို လက်ထပ်ခိုင်းတော့လည်း အဲ့ဒီကောင်က လက်မထပ်နိုင်ဘူး။ အတည်မယူနိုင်ဘူး။ အဲ့ဒီမှာ အမျိုးသမီးအတွက် မရှုနိုင် မကယ်နိုင် ဖြစ်ရော။

www.burmeseclassic.com

www.burmeseclassic.com



AIDSဖြစ်ပြီး သေအုံမှုးမှုး မိန်းကလေးတစ်ယောက်ကို ကျွန်တော် တွေ့ရသေးတယ်။ သူ ဘယ်နိုင်ငံကလဲ။ ကျွန်တော်တို့နိုင်ငံက အမျိုးသမီးတော့ မဟုတ်ဘူး။

ဒါပေမဲ့ သူဟာလည်း လူသားတစ်ယောက်ပဲလေ။ သူ့ကို ဘယ်သူကမှလည်း ကြင်ကြင်နာနာ ဖေးဖေးမမ မလုပ်ကြဘူး။

လူသားတစ်ယောက်ကို တခြား လူသားတစ်ယောက်က မနွေးထွေး မကူညီနိုင်တာကို ကျွန်တော် ကြေကွဲ မနေတတ်ဘူး။

ကျွန်တော့်မှာ ပိုက်ဆံမပေါဘူး။

ကျွန်တော့်မှာ အချိန်မပေါဘူး။

ကျွန်တော့်မှာ အရည်ပျော်ကျနေတဲ့ စိုစိုရွှဲရွှဲ အသည်းနှလုံးလည်း မရှိဘူး။

မနက်မိုးလင်းတော့ မော်တော်ကားတွေနဲ့ အတူ ပြေးလွှားပြီး ကျွန်တော်ဟာ ကျွန်တော့် အလုပ်ရုံဆီ သွားလို့ပေါ့။

ကျွန်တော့် ဂျင်းဘောင်းဘီဟာ သိပ်ပြီး မသစ်လွင်တော့ဘူး။



ကျွန်တော့် ဝေါလ်ကင်းရှူးဖိနပ်ကလည်း ဖြူရာကနေ ဝါကျင့်ကျင့်ဆီ ကူးပြောင်းနေပါတယ်။

ဒီနိုင်ငံမှာ နာကျင် ကြေကွဲစရာတွေ ကျွန်တော် တွေ့ရသလား။

ထွေးထုတ်ပစ်လိုက်။

ထွေးထုတ်ပစ်လိုက်။

ထွေးထုတ်ပစ်လိုက်။

ကျွန်တော် ကောင်းကင်ကြီးကို မော့ကြည့်လိုက်မိတယ်။

ထူးထူးဆန်းဆန်း ဒီနေ့မှာမှ ကောင်းကင်ပေါ်မှာ တိမ်တွေ ရွှေ့လျား ပြေးလွှားနေတယ်။

တိမ်တွေဟာ ကိုယ်ရောင်ဖျောက်နေရတာ ကြာလို့ ဘယ်လောက်တောင်များ စိတ်ညစ်နေခဲ့ရသလဲ။

သည်ကနေ့ မနက်တော့ တိမ်တွေဟာ ပျော်ရွှင်စွာ ပြေးလွှားလို့။

ကျွန်တော့်ဆီ ကို တိမ်တွေဆီက ပျော်ရွှင်မှုတွေ ကူးစက်လာတာကို ကျွန်တော် ချက်ချင်း ခံစားလိုက် ရတယ်။

ပျော်ရွှင်မှု။

သိပ် ဟုတ်တာပေါ့ဗျာ။ ပျော်ရွှင်မှု။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မှုတွေနဲ့ အတူ ကျွန်တော် အစဉ်အမြဲ နေထိုင်တတ်ဖို့ လေ့ကျင့်ခဲ့တယ်မဟုတ်လား။

ကိုယ့်ရဲ့ ကိုယ်ပိုင် အတွေးအခေါ်ကို ကျွန်တော် မေ့နေပြီလား။

နာကျင်စရာ ပုံပြင်တွေဟာ ကိုယ်နဲ့ မပတ်သက်ဘူး။

ပုံပြင်တွေကို ထွေးထုတ်ပစ်လိုက်။

လွမ်းဖွယ်ပုံပြင်တွေကို ထွေးထုတ်ပစ်လိုက်။

ဒီ ဒဏ္ဍာရီတွေဟာ ကမ္ဘာဦးကတည်းက ရှိခဲ့တာ။ ထွေးထုတ်ပစ်လိုက်။

သတိရစမ်းပါ။

ကျွန်တော်ဟာ ပျော်ရွှင်မှုနဲ့ အတူ နေထိုင်တတ်တဲ့ လူတစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်သတိရစမ်းပါ။

ကွန်ကရစ် ပလက်ဖောင်းပေါ်မှာ ဝေါလ်ကင်းရှူး ဖြူဝါဝါလေး သွက်လက်စွာ ပြေးလွှားနေပါတယ်။

ဂျင်းဘောင်းဘီ အပြာလေး (အဟောင်းလေး) ရွှေ့လျားနေပုံဟာ ပျော်စရာ ကောင်းနေပါတယ်။

ကျွန်တော့် ခြေထောက်တွေဟာ လှပပြီး သန်မာတာ ကနေ့မှ သေချာ သတိထားမိတယ်။



ဂျင်းဘောင်းဘီအပြာလေး ရွှေ့လျား။

ဂျင်းဘောင်းဘီအပြာလေး ရွှေ့လျား၊

တိမ်ကိုက်တွေနဲ့အတူ ပြေးလွှား၊

တိမ်တိုက်တွေနဲ့အတူ ပြေးလွှား၊

ပြေး

ပြေး

ပြေး

ပျော်ရွှင်မှုနဲ့အတူ ပြေး

အလို ထူးထူးဆန်းဆန်း ကနေ့မှာမှ ကျွန်တော့် ခေါင်းပေါ်က ကောင်းကင်ဟာ အပြာရောင်၊ နေလုံးက ရွှေရောင်ပါလား။

ကျွန်တော်တို့ တိုင်းပြည်က ကောင်းကင်မှ ပြာလွင်တာ မဟုတ်ဘဲ သူတို့ တိုင်းပြည်က ကောင်းကင်ဟာလည်း ပြာလွင်တာ ကနေ့မှ ကျွန်တော် တွေ့ကြုံရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အို... ကျွန်တော် ကိုယ်တိုင်က ကောင်းကင်ပြာ ဖြစ်နေတာပဲ။

ကျွန်တော်ဟာ ကောင်းကင်ပြာ

ကျွန်တော် = ကောင်းကင်ပြာ

✂ ✂ ✂

# [ ၇ ]

တနင်္ဂနွေ နေ့တွေမှာ ကျွန်တော် ပျော်တယ်။

တနင်္ဂနွေနေ့တိုင်းမှာ တိရစ္ဆာန်ဈေးလေး တစ်ခုကို ကျွန်တော် အမြဲသွားတယ်။

အဲ့ဒီ တိုင်းပြည်မှာ တိရစ္ဆာန်ဈေးလေး ရှိတယ် သိလား။

တိရစ္ဆာန်ဈေးဆိုတာဟာ အလှမွေး တိရစ္ဆာန်တွေ ချည်းပဲ တသီးတသန့် ရောင်းပေးတဲ့ ဈေးကလေးကို ပြောတာလေ။

ခွေးစုတ်ဖွားလေးတွေ၊ ခွေးဘီလူးတွေ၊ ခွေးသမင်တွေ အစုံပဲဗျာ။ Boxer,

www.burmeseclassic.com

www.burmeseclassic.com



Bulldog, Bull Terrier, Cairn Terrier, Chow Chow, Collie ,Cocker Spaniel, Fox Terrier, Dalmatian, Corgi, Daihsaung, French Bulldog, Skyterrier, အဲ့ဒီ ခွေး အမျိုးအစား တွေလေ။

နောက်ပြီးတော့ ကြက်တူရွေးလေးတွေက အစိမ်းရောင်ရော ခရမ်းရောင်ရော အရောင်စပ်ကြားရော။ သာလိကာလေးတွေက စကားတတ်ပါဘိနဲ့။

မျောက်ကလေးတွေ၊ ရှဉ့်ကလေးတွေ၊ ကြောင်ကလေးတွေ၊ ငှက်သေးသေး ရောင်စုံလေးတွေ၊ ငှက်အကြီးကြီးတွေ၊ ဒေါင်းငယ်ငယ်လေးတွေ၊ သမင်ပေါက်ကလေးတွေ၊ တောကြောင်ပေါက်စလေးတွေ၊ မိကျောင်းပေါက်စလေးတွေ၊ ရစ်တွေ၊ တောခိုလေးတွေ၊ ခွေးလောက်ရှိတဲ့ ပုတ်သင်ညိုကြီးတွေ၊ လိပ်အမျိုးစုံ၊ ရွှေငါးမျိုးစုံ၊ မြွေမျိုးစုံ... တိရစ္ဆာန်တွေကို စုံလင်နေအောင် ကျွန်တော် တွေ့ရတယ်။

အလှမွေး တိရစ္ဆာန်တွေ သူ့တို့တိုင်းပြည်မှာ ဈေးကွက်တစ်ခု ဖြစ်နေတယ်။

ကျွန်တော်ဟာ အဲ့ဒီ သူတို့ဆီက တိရစ္ဆာန်ဈေးကလေးကို ချစ်တယ်။



တိရစ္ဆာန်ဈေးကလေးကို ပတ်ချာလှည့်ပြီး ကြည့်နေရတာဟာ ပျော်စရာလည်း ကောင်းတယ်။ တစ်ပတ်စာ စိတ်ပင်ပန်းမှုလည်း ပြေပျောက်တယ်။

တနင်္ဂနွေ ညနေဆောင်းမှာတော့ ကျွန်တော်ဟာ ကော်ဖီရှော့မှာ ဘီယာသောက်လို့ပေါ့။

သူတို့ဆီက ကော်ဖီဆိုင်လေးတွေဟာ ဘီယာ ရောင်းပါတယ်။ ကော်ဖီဆိုင်မှာ ဂစ်တာသံကို နားထောင်ရင်း ဘီယာသောက်ရတာဟာ ပျော်စရာ ကောင်းမှကောင်း။

အဲ့ဒီ ကော်ဖီရှော့မှာ ဘီယာသောက်ရင်း သူတို့တိုင်းပြည်က လူငယ်လေးတစ်ယောက်နဲ့ ကျွန်တော် မိတ်ဆွေဖြစ်သွားပါတယ်။

သူ့ ဘောင်းဘီက ကျွန်တော့် ဘောင်းဘီထက် ပိုပြီး သစ်လွင်တယ်။

သူ့ဖိနပ်က ကျွန်တော့် ဖိနပ်ထက် ပိုပြီး ဈေးကြီးတယ်။

ဒီကောင်ကလည်း တကယ့် တိုင်းကြီးပြည်ကြီးသားစတိုင်လ်ပါပဲ။ ဒါတောင်မှ ဒီကောင်ဟာ သောဇစ်မဟုတ်ဘူး။ ကျွန်တော့်လိုပဲ စက်ရုံတစ်ရုံမှာ အလုပ်လုပ်တဲ့ကောင်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူရတဲ့ လခက ကျွန်တော်ရတဲ့ လခထက် နှစ်ဆပိုများတယ်။

'မင်းတို့တွေကော တခြားနိုင်ငံတွေမှာ သွားပြီး အလုပ်မလုပ်ဘူးလား။ မင်းတို့ တိုင်းပြည်ထက် ပိုပြီး ချမ်းသာကြွယ်ဝတဲ့ တိုင်းပြည်ကိုပေါ့ကွာ'

ကျွန်တော် သူ့ကို ဘီယာသောက်ရင်း မေးကြည့်တော့ သူ့က သူ့ပခုံးကို တစ်ချက်တွန့်ပြီး ဟက်ခနဲ ရယ်ချလိုက်ပါတယ်။

'မင်းတို့တစ်တွေ ငါတို့ တိုင်းပြည်မှာ ဘယ်လို ခံစားရသလဲ။ ငါတို့ တိုင်းပြည်က အလုပ်ရှင်နဲ့ မင်းတို့နဲ့ ဆက်ဆံရေးမှာ မင်းတို့ပဲ ထိခိုက်ခံစားရတယ်။ နာကျင် ကြေကွဲရတယ် မဟုတ်လား။ အေး ရှင်းရှင်းလေးပေါ့ကွာ၊ ငါတို့ တခြားတိုင်းပြည်ကို သွားပြီး အလုပ်မလုပ်တာဟာ မင်းတို့လို စိတ်ခံစားမှုမျိုး လက်မခံချင်လို့ပေါ့ကွာ၊ ငါတို့ဟာ ငါတို့ တိုင်းပြည် ငါတို့လူမျိုးဆီမှာပဲ အလုပ်လုပ်မယ်ကွ'

သူနဲ့ကျွန်တော့် အကြားမှာ လျှပ်စီးတွေ ဝင်းပြက်သွားတာ အကြာကြီးပဲ။



ကျွန်တော် သူ့ကို ချက်ချင်းပဲ လက်ဆွဲ နှုတ်ဆက်လိုက်မိတယ်။

ကျွန်တော်တို့ နှစ်ယောက်သား ဘီယာ အတူတူ သောက်ရင်း ရယ်မောလိုက်ကြတာပါ။ ဖန်ခွက်ချင်း ထိသံနဲ့ ရယ်မောသံဟာ ဆက်သွယ် တွယ်ငြိသွားတယ်။

သူ့ ရယ်မောသံက ပင်လယ်လို အားရှိတယ်၊

ကျွန်တော့် ရယ်မောသံဟာ ကျောက်ဆောင်နဲ့ ထိခိုက်မိပြီး ပွန်းပဲ့ လွင့်စဉ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

# [၄]

www.burmeseclassic.com

www.burmeseclassic.com

'ကောင်ကလေး မင်းကို အရေးကြီးဆုံး တစ်ခု ပြောမယ်၊

ငါတို့ရဲ့ နိုးစေးညည်ကို မင်းတို့ ယူပါ၊ ဒီကမ္ဘာကြီး အတွက် တို့ နိုစေးညည်တွေနဲ့ ကျေးဇူးဆပ်တဲ့ သဘော ပါပဲ၊

ဒါပေမဲ့ မင်းရဲ့ ဓားကလေးရဲ့ အသွားနဲ့ ငါတို့ရဲ့ အသားတိုးသွားကိုတော့ လုံးဝ မထိစေ မငြိစေပါနဲ့ကွာ၊ အသားတိုးသွားကို မင်းဓားကလေးနဲ့ ထိသို့ကတော့ ငါတို့ အသည်းကို မင်း ထက်မြမ်း ခွဲလိုက်ပြီမှတ် ငါတို့ သေဆုံးပြီ မှတ်တော့'

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

မြို့တော်နဲ့ ခပ်ဝေးဝေး ကေမျာ့းစွာ ကျယ်ဝန်းတဲ့ ရော်ဘာခြံ တစ်ခြံထဲမှာ ကျွန်တော် ရောက်ရှိသွားပုံကတော့ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် တစ်ဦးရဲ့ အကူအညီကြောင့်ပါ။

ရှုပ်ထွေးပွေလီ ဆူညံလွန်းတဲ့ စက်သံ လူသံ ကားသံ ဥသြသံတွေနဲ့ တိုးရှဲဝေးရာ ရော်ဘာတောရှည်ကြီးထဲမှာ အလုပ်လုပ်ရတာ ကျွန်တော် ဘယ်လို ပျော်မွန်း မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် နံဘေးမှာ ကပ်လျက် အလုပ်သမားခေါင်း ဆိုတာလည်း မရှိဘူး။ ကျွန်တော့် အနီးအနားမှာ ဘယ်သူဆို ဘယ်သူမှ မရှိဘူး။

ကျွန်တော်ဟာ မနက် ၃ နာရီဆိုရင် အိပ်ရာက ထရတယ်။ ကျွန်တော့်အတွက် ခွဲတမ်းချပေးထားတဲ့ ရော်ဘာ ပင်တွေဆီ သွားရတယ်။ ကျွန်တော့်ခွဲတမ်း ရော်ဘာပင်တွေ ဟာ ကျွန်တော်နဲ့ မိတ်ဆွေ ဖြစ်နေပါပြီ။

ရော်ဘာပင် အနားရောက်ပြီဆိုရင် အသက်အကြီးဆုံး ရော်ဘာပင်ကြီးက–

'ကောင်လေး စောလှချည့်လား၊ ငါတို့မှာ အိပ်လို့ ကောင်းတုန်းပဲ ရှိသေးတယ်ကွ'

လို့ ပြောတတ်ပါတယ်။

'ခင်ဗျားတို့ အိပ်လို့ကောင်းရင်လည်း ကျွန်တော် ကတော့ ဓားကလေးနဲ့ ဆွပြီး နှိုးရမှာပဲ'

လို့ ကျွန်တော်က ပြန်ပြောတယ်။

'ငါတို့ကို ဒီမနက် မျက်ရည်တွေ တအားယိုစီးကျ အောင်တော့ မလုပ်ပါနဲ့ ကောင်လေးရယ်'

လို့ ရော်ဘာပင်ကြီးက ပြန်ပြောတယ်။



'မျက်ရည် မဟုတ်ပါဘူးဗျာ၊ နို့ရည်တွေနဲ့ ကမ္ဘာကြီးကို ကျေးဇူးဆပ်နေရတာကိုပဲ ခင်ဗျားတို့ ဂုဏ်ယူစမ်းပါဗျာ။ ခင်ဗျားတို့ရဲ့ တင်းကားနေတဲ့ နို့ရည်တွေကို ညှစ်ချပေးတဲ့ နို့ညှစ်သမားဟာ ကျွန်တော်ပါ'

ကျွန်တော်က ဒီရော်ဘာခြံထဲမှာ အလုပ်သမားများစွာ အနက်က အစေးလှီးသူ (Tapper) လေး။

ကျွန်တော့်မှာ ဓားမတို ပြားပြားသေးသေးလေး တစ်ချောင်း ရှိတယ်။ ဓားကလေးဟာ ကျွန်တော့် လက်စွဲ ပေါ့။ ဓားကလေးဟာ တအား ထက်တာပဲ။

ဓားကလေးရဲ့ ဦးပိုင်းကို အချိတ်ကလေး လုပ်ပြီး ကွေးကွေးလေး လုပ်ထားတယ်။

ရော်ဘာစေးလှီးသူဟာ ဂေါက်သီးရိုက် ကျွမ်းကျင်သူ လိုပေါ့။

(ကျွန်တော့်ဖေဖေ ဂေါက်ကွင်းကို သွားသေးသလား၊ တခြား ဘာကွင်းများ ဆင်းနေပါလိမ့်။)

ချိန်သားကိုက်ဖို့ လိုတယ်။

(ကျွန်တော့်ဖေဖေ တလွဲတချော်တွေ ရိုက်ထည့်လိုက် သေးသလား။)

www.burmeseclassic.com

www.burmeseclassic.com



ရော်ဘာပင်ကြီးတွေဟာ ကျွန်တော့်ကို သင်ကြားခဲ့တာပေါ့။

'ငါတို့ရဲ့ အခေါက်မှာ အလွှာ နှစ်လွှာရှိတယ် ကောင်လေးရ။ အပြင်လွှာကတော့ တကယ့် အခေါက်သက်သက်ပဲ။ အခေါက် အတွင်းလွှာကို အကာလို့ ခေါ်တယ်။ အကာကိုမှ တစ်ခါ နှစ်ပိုင်းထပ်ခွဲ ပြန်တယ်။ အပြင်ဘက်ပိုင်းက ဖော့ကွ။ အကာရဲ့ အတွင်းပိုင်းက အသားတိုးလွှာနဲ့ ဆက်စပ်နေတယ်။ အသားတိုးလွှာဟာ အလွှာပါးပါးလေးရယ်။ အဲဒီအထဲမှာ ငါတို့အတွက် အစာအာဟာရတွေ ရှိနေတယ်။ သစ်ရည်တွေ ရှိနေတာပေါ့ကွာ။

ကောင်လေးရေ... မင်းတို့ လူသားတွေ လိုချင်တဲ့ ငါတို့ရဲ့ နို့စေးရည်ဟာ ဘယ်နေရာမှာ တည်ရှိတယ်ဆိုတာပဲ မင်းသိချင်တာ မဟုတ်လား။

အသားတိုးလွှာနဲ့ မျဉ်းပြိုင် မတ်တတ်ရပ်နေတဲ့ အလွှာတွေ အကြောတွေထဲမှာ ရှိနေတာပါ။ နို့စေးရည်ဟာ ငါတို့ရဲ့ ပင်စည်တစ်လျှောက်မှာ မြောင်းတွေလို ဖြစ်နေတာကွ။

ကောင်ကလေး မင်းကို အရေးကြီးဆုံး တစ်ခုပြောမယ်။ ငါတို့ရဲ့ နို့စေးရည်ကို မင်းတို့ ယူပါ။ ဒီကမ္ဘာကြီးအတွက်



တို့ နို့စေးရည်တွေနဲ့ ကျေးဇူးဆပ်တဲ့ သဘောပါပဲ။ ဒါပေမဲ့ မင်းရဲ့ ဓားကလေးရဲ့ အသွားနဲ့ ငါတို့ရဲ့ အသားတိုးလွှာကိုတော့ လုံးဝ မထိစေ မငြိစေပါနဲ့ကွာ။ အသားတိုးလွှာကို မင်းဓားကလေးနဲ့ ထိလို့ကတော့ ငါတို့ အသည်းကို မင်း ထက်ခြမ်း ခွဲလိုက်ပြီမှတ်၊ ငါတို့ သေဆုံးပြီ မှတ်တော့'

အံ့သြစရာပါပဲ။

ရော်ဘာပင်ကြီးဟာ သူ့ရဲ့ နို့စေးရည်တွေ ထုတ်ယူဖို့ ကျွန်တော့်ကို အဲဒီလို စိတ်ရှည်လက်ရှည် သင်ကြားပေးခဲ့ပါတယ်။

ကျွန်တော်ကလည်း သူ့စကားကို၊ သူ့သင်ကြားမှုကို တစ်သဝေမတိမ်း မှတ်သားလိုက်နာပါတယ်ဗျာ။

ကျွန်တော်ရဲ့ ထက်တဲ့ ဓားကလေးနဲ့ သူ့အသည်းကို မခွဲခဲ့ပါဘူး။ အသားတိုးလွှာကို မထိစေရပါဘူး။ သူ့ဆီက ယိုစီးကျလာတဲ့ နို့စေးရည်ကိုတော့ ကျွန်တော်က စဉ့်ခွက်ကလေးနဲ့ ခံယူတာပေါ့။

အဲဒီလိုပဲ ရော်ဘာပင်တစ်ပင်ပြီး တစ်ပင် ဖျတ်ခနဲ ဖျတ်ခနဲ ကျွန်တော် ကူးပြောင်းကာ ဓားကလေး အကူအညီနဲ့ သူတို့ရဲ့ နို့စေးရည်တွေ ဖွင့်ထုတ်ခံယူတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်သဘောကောင်းတဲ့ ရော်ဘာပင်ကြီးတွေပါဗျာ။

ကျွန်တော်တို့ရဲ့ ခြံပိုင်ရှင် သူဌေးကလည်း သဘောကောင်းတာပါပဲ။ အရင် ကျွန်တော် လုပ်ခဲ့တဲ့ စက်ရုံပိုင်ရှင်တွေနဲ့ မတူဘူး။

ကျွန်ဘော့် အလုပ်ချိန်က မနက် သုံးနာရီခွဲကနေ မနက် ကိုးနာရီအထိပါ။

'ကောင်လေးရေ မင်း ခံယူခဲ့တဲ့ ရော်ဘာစေးတွေ စည်ပိုင်းကြီးထဲ သွန်ထည့်ပြီးရင် တစ်နေကုန် တစ်ညလုံး မင်းကြိုက်သလို လည်ပတ်ရင် လည်ပတ်၊ ရော်ဘာခြံထဲက မင်းရဲ့ ဘုံရိပ်သာထဲမှာ အအိပ်ကြီးတဲ့ မြွေတစ်ကောင်ကို မင်း ချွေချင် ချွေနေပေတော့၊ မင်းရဲ့ အနားယူချိန်ကို ငါ တစ်စက်ကလေးမှ မထိမတို့ပါဘူးကွာ'

လို့ ရော်ဘာခြံပိုင်ရှင် သူဌေးက ပြောတတ်တယ်။

ကျွန်တော်ဟာ မြို့တော်ကြီးဆီ မသွားဖြစ်ပါဘူး။

ခေတ်မီပြီး ဆူညံတဲ့ မြို့တော်ကြီးရဲ့ ကာစီနိုတွေ နိုက်ကလပ်တွေဆီလည်း ကျွန်တော် မရောက်ဖြစ်ပါဘူး။

အဲလို မြို့တော်ကြီးနဲ့ ခပ်ဝေးဝေးမှာ အခုလို ဆိတ်ငြိမ်တဲ့ ရော်ဘာခြံကြီး ရှိနေတာကိုပဲ ကျွန်တော် အမြဲတမ်း



အံ့သြနေမိတတ်သလို၊ အဲ့ဒီ ရာဘာခြံထဲ ကျွန်တော် ကျေနပ်စွာ ဖြစ်တည်နေရခြင်းဟာလည်း ဘုရားသခင်ပေးတဲ့ ကျေးဇူးတရားလို့ပဲ ကျွန်တော် အောက်မေ့ ဆင်ခြင်မိပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ဘုရားသခင်ပေးသနားတဲ့ ဆုတော်လာဘ်တော် ကျေးဇူးတရားတော်ကို ကျွန်တော် ငြိမ်ငြိမ်ဆိတ်ဆိတ် ပြဿနာတစ်စုံတစ်ရာ မရှိဘဲ ခံစားခွင့်ရပေမယ့်၊ အဲလို မပူမပင် နေရခြင်းများကိုပဲ ကျွန်တော်က ပျင်းရိ ငြီးငွေ့ လာပါရော။

ကျွန်တော်တို့ လူသားတွေကလည်း ခက်ပါတယ်။

ဘုရားသခင်ရဲ့ အမျက်တော် ကြိမ်လုံးဟာ ကျောပေါ်မှာ နာနာကျင်ကျင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြင်းပြင်းထန်ထန် မကျရောက်တော့လည်း ပျင်းပြန်ရော။

ကျွန်တော် သုံးနှစ်သုံးမိုး ဟောဒီ ရော်ဘာခြံထဲမှာ အလုပ်လုပ်ခဲ့ပါတယ်။

သုံးနှစ်သုံးမိုး ကိုယ့်တိုင်းပြည်နဲ့ ခွဲနေရတော့လည်း ကိုယ့်တိုင်းပြည်ကို ကိုယ်လွမ်းလာပါတယ်။

'ကျွန်တော် ပြန်တော့မယ် သူဌေး'

သူဌေးက အံ့ဩဟန် မျက်နှာနဲ့

'ဟေ မင်းက ဘယ်ကို ပြန်မှာတုံး'

'ဘယ်ကို ပြန်ရမှာလဲ၊ ကျွန်တော်တို့ တိုင်းပြည်ကို ကျွန်တော် ပြန်မှာပေါ့။ ကျွန်တော်တို့ မြန်မာပြည်ကြီးဆီ ကျွန်တော် ပြန်မှာပေါ့'

သူဌေးက စဉ်းစားဟန် မျက်နှာလေးနဲ့။

'အေး မင်းတော်တယ်၊ လူဆိုတာ တိုင်းပြည်ရှိရတယ်ကွ။ တိုင်းပြည်မရှိတာဟာ အမေ မရှိသလိုဘဲ မှတ်ထား။ ကိုယ့်တိုင်းပြည်ဆိုတာ ပြောရတာကိုက အရသာ ဘယ်လောက်ရှိသလဲ။ ဟုတ်တယ်။ မင်း ပြန်ရမယ်။ မင်းရဲ့ အလုပ်အပေါ် တာဝန်ကျေပွန်မှုအတွက် မင်းကိုငါ အမိုးမပြတ်နိုင်တဲ့ ရော်ဘာ



ပင်လေးတစ်ပင် လက်ဆောင်ပေးလိုက်မယ်။ အဖူးမြှုပ် မျိုးပွားနည်းနဲ့ ငါမျိုးပွားထားတဲ့ တကယ့် မျိုးကောင်း ရိုးကောင်း ရော်ဘာပင်လေးပါကွာ'

သုံးနှစ်သုံးမိုး ကျွန်တော် အလုပ်လုပ်ခဲ့တဲ့ လုပ်အားခတွေကို ရွှေချောင်းတွေ လုပ်ပြီး ကျွန်တော့် သားရေခါးပတ်အပြားကြီးရဲ့ အတွင်းပိုင်းထဲ သို့ဝှက်ထည့်တယ်။ ကျွန်တော် အိမ်ကထွက်လာတုန်းက ကျောပိုးအိတ်ကိုပဲ ပြန်လွယ်ပြီး ရာဘာပင်လေးကို ပွေ့ပိုက်ကာ ကျွန်တော် ရာဘာခြံထဲက ထွက်လာခဲ့ပါတယ်။

တစ်ထွာသာသာလောက်သာရှိတဲ့ ရော်ဘာပင် ငုတ်တိုလေး ပါဗျာ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# [၃]

'ဟေ့ကောင် ဒီရော်ဘာပင်လေးကို မင်းဘယ်က ရသလဲ'

'ကျွန်တော့် သူဌေးက လက်ဆောင် ပေးလိုက်တာ'

'ဘယ်က သူဌေးလဲ'

'ကျွန်တော့် ရော်ဘာခြံပိုင်ရှင်သူဌေး'

'မဟုတ်ဘူး မင်း ညာတာ'

ဖြန်း

ဖြန်း

www.burmeseclassic.com

www.burmeseclassic.com



ငတိက ကျွန်တော့်ပါးကို ဘယ်ပြန်ညာပြန် ရိုက်ထည့်တယ်။

ရော်ဘာခြံက ထွက်လာလို့မှ ဘာမှ မကြာသေးဘူး။ သစ်တောဗျာနနဲ့ ရဲနဲ့ ပူးပေါင်းပြီး ကျွန်တော့်ကို ဖမ်းဆီးတာ ကျွန်တော်ခံရတယ်။

ကျွန်တော် ခါးပတ်ထဲမှာ ရွှေချောင်းတွေ ရှိနေမှန်း သူတို့ မရိပ်မိပါဘူး။ သူတို့က ရော်ဘာပင်လေးကိုပဲ မဲနေကြတယ်။

'ကဲ ခင်ဗျားတို့ မယုံကြည်ရင် ကျွန်တော့် ရော်ဘာခြံပိုင်ရှင်သူဌေးကို ကျွန်တော် တယ်လီဖုန်း ဆက်ခေါ်မယ် ကျွန်တော့်ကို တယ်လီဖုန်း ဆက်ခွင့်ပေး'

သူတို့ စဉ်းစားကြတယ်။ သူတို့ မျက်နှာချင်းဆိုင် တိုင်ပင်ကြတယ်။ နောက် ဆုံးဖြတ်ချက် ချနိုင်တဲ့ အရာရှိက

'ကဲ ဆက်... မဟုတ်ရင်တော့ မင်းသေပြီမှတ်၊ သစ်ပင်တစ်ပင်ဟာ တိုင်းပြည်တစ်ပြည်ကွ မှတ်ထား'

ကျွန်တော်က သူဌေးရဲ့ လက်ထဲမှာ အမြဲရှိတဲ့ တယ်လီဖုန်းရဲ့ ဂဏန်းတွေကို ဆက်သွယ်ပါတယ်။



ကျွန်တော် တယ်လီဖုန်း ဆက်ပြီး မကြာပါဘူး။ သူဌေးဟာ သူ့ ဆလွန်းကားနဲ့ ဝူးဆို ရောက်လာပါတယ်။

ကိုယ့်လူတွေက သူဌေး ရောက်လာတာကို အံ့အားသင့်နေကြတယ်။

'အဲ့ဒီ ရော်ဘာပင်လေးက ဒီကလေးအတွက် ကျုပ်လက်ဆောင် ပေးလိုက်တာပါ။ အနုပညာ အသစ်တစ်ခုဟာ တိုင်းပြည်တစ်ပြည်ကနေ အခြား တိုင်းပြည်တစ်ပြည်ဆီ ကူးလူးသွားလာဖို့ လိုအပ်သလို သစ်ပင်လေး တစ်ပင်ဟာလည်း ကျုပ်တို့ တိုင်းပြည်ကနေ သူ့တို့တိုင်းပြည်ဆီ ရွှေ့ပြောင်းပေါက်ရောက် ရှင်သန်ဖို့ လိုအပ်တယ်လို့ ကျုပ်ယုံကြည်လို့ ဒီသစ်ပင်လေးကို သူ့အတွက် ကျုပ်ပေးလိုက်တာ'

ကျွန်တော့်ရဲ့ သူဌေးက အဲလိုပဲ တင်းတင်း ပြောပါတယ်။

သစ်တောအရာရှိတွေကော၊ ရဲအရာရှိတွေကော သူဌေးရဲ့ စကားကို ငြင်းပယ်ဖျက်လိုဟန် မရှိပါဘူး။

'ဟုတ်ပါပြီ၊ လူကြီးမင်း ပြန်နိုင်ပါပြီ၊ လူကြီးမင်းရဲ့ နှုတ်က ဆောင်မလိုက်တဲ့အတွက် ကျွန်တော်တို့ သူ့ကို မကြာခင် လွှတ်ပေးလိုက်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ကျူပ်ပေးလိုက်တဲ့ သစ်ပင်လေးလည်း သူနဲ့ အတူတူ လွှတ်ပေးလိုက်ပါ'

သူဌေးက တကယ် တင်းတင်းပဲ။

သူဌေးတွေဟာ တင်းလို့ရတယ်ဆိုတာကို ကျွန်တော် ထပ်မံနားလည်မိတယ်။

သူဌေးက ကျွန်တော့်ပခုံးကို သူ့လက်ဖဝါးနဲ့ တစ်ချက် ပုတ်လိုက်တယ်။

'မင်း ကံကောင်းပြီဆိုတာ ယုံပါကွာ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

မကြာခင်မှာ သူဌေးလည်း သူ့ဆလွန်းကားနဲ့ ဖုံးခနဲ ပြန်ထွက်သွားပါတယ်။

ငတိတွေကလည်း သူတို့ ကတိအတိုင်းပဲ။ ကျွန်တော့် ကို အနှောင့်အယှက် ဆက်မပေးတော့ဘဲ စင်းလုံးချော လွှတ်ပေးလိုက်ပါတယ်။

✤ ✤ ✤

# [ ၄ ]

နယ်စပ် ဆိပ်ကမ်းဆီ မရောက်မီမှာဘဲ ကျွန်တော့် နောက်ကနေ မာရသွန် မောင်းလာ တဲ့ ဆလွန်းကား တစ်စီးဟာ ကျွန်တော့်ကို ကျော်တက်ပြီး ပိတ်ဆို့ထားပြန်ရော။

ကျွတ် ဘယ်လိုဖြစ်နေတာလဲ။

ဒီတိုင်းပြည်ကြီးဟာ... ။

ရော်ဘာခြံထဲမှာ ကျွန်တော် အလုပ် လုပ်နေတဲ့ ဘဝနဲ့ လုံးဝ မတူပါလား။

မီးထွန်းရာတဲ့ ပြဿနာဟာ လမ်းမပေါ် အထိ ဆိပ်ကမ်းအထိ မော်တော်ကား မောင်းပြီး လိုက်လာတာလား။

www.burmeseclassic.com

www.burmeseclassic.com



ဆလွန်းကားကို မိန်းကလေးတစ်ယောက် မောင်းလာတာပါ။ ကားပေါ်မှာ သူ တစ်ယောက်တည်းရယ်။

သူ ကားပေါ်က ဆင်းတယ်။

ကားတံခါးကို သူ အသံမြည်အောင် ပိတ်လိုက်တယ်။ ကားတံခါး ပိတ်သံဟာ ကျွန်တော့် လက်ထဲက ရော်ဘာပင်လေးရဲ့ အညွန့်လေးကိုတောင် ထိမှန် သွားပါတယ်။

'ဒီမယ်... ရှင်... ရှင့်တိုင်းပြည် ပြန်တော့မှာ မဟုတ်လား'

'ဟုတ်တယ် ကျုပ်ဘာသာကျုပ် ကျုပ်ခြေထောက်နဲ့ ကျုပ်... ကျုပ်တိုင်းပြည် ပြန်မှာ အမိနဲ့ ဘယ်လိုပတ်သက်သလဲ'

'ကျွန်မ ရှင့်လက်ထဲက ရော်ဘာပင်လေးကို ပြန်လိုချင်လို့'

ရော်ဘာပင်လေးဟာ ရတနာသိုက်မြေပုံလား။

ဘာပြုလို့ ရော်ဘာပင်လေးအတွက် ဒီလောက် အရေးကြီး နေကြတာလား။



'ရော်ဘာပင်လေးကို ပြန်လိုချင်ရအောင် ဒီ ရော်ဘာပင်လေးကို မင်းက ပေးလိုက်တာမို့လား။ ဒီ ရော်ဘာပင်လေးကို ကျုပ်ရဲ့ သူဌေးက ကျုပ်ကို လက်ဆောင်ပေးလိုက်တာ'

'အဲ့ဒီ ရှင့်ရဲ့ သူဌေးဟာ ကျွန်မရဲ့ ဒယ်ဒီရှင့်'

ကျွန်တော့် သူဌေးရဲ့သမီးကို ကျွန်တော် အခုမှပဲ မြင်ဖူးတော့တယ်။ တော်တော် ချောသားပဲ။

'အဲ့ဒီတော့... '

'အဲ့ဒီတော့ ကျွန်မတို့ရဲ့ ရော်ဘာပင်ကို ကျွန်မ ပြန်လိုချင်တယ်၊ အဲ့ဒါပဲ'

'ရော်ဘာပင်လေးကို မင်းပြန်လိုချင်တယ်ဆိုရင် မင်း ဒယ်ဒီရဲ့ အလွန် ချစ်စရာကောင်းတဲ့ ကိုယ်ပိုင် အတွေးအခေါ် တစ်ခုကို မင်း တိုက်ခိုက် ချေဖျက်ရာ ရောက်မှာပေါ့။ အနုပညာ အသစ်တစ်ခုဟာ တိုင်းပြည်တစ်ပြည်ကနေ တခြား တိုင်းပြည်တစ်ပြည်ဆီ ကူးလူးသွားလာဖို့ လိုအပ်သလို သစ်ပင်လေး တစ်ပင်ဟာလည်း မင်းတို့ တိုင်းပြည်ကနေ ကိုယ်တို့ တိုင်းပြည်ဆီ ရွှေ့ပြောင်းပေါက်ရောက် ရှင်သန်ဖို့ လိုအပ်တာပဲ။ အဲ့ဒါ မင်း ဒယ်ဒီရဲ့ အယူအဆ၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ဒယ်ဒီရဲ့ အတွေးအခေါ်လေ၊ မင်း ဒယ်ဒီရဲ့ အတွေးအခေါ်ကို မင်း ဘာလို့ ချေဖျက်ချင်တာလဲ'

'ကျွန်မဟာ ဖေဖေလို အသက်မကြီးတော့ ဖေဖေလို ကျွန်မ သဘောထား မကျယ်ပြန့်နိုင်ဘူး၊ ရှင်းရှင်း ပြောရရင် ကျွန်မတို့ ခြံထဲက ရော်ဘာမျိုးသစ် တစ်ပင် ရှင်တို့ တိုင်းပြည်ထဲမှာ ရှင်သန်ပွားများဖို့ အခွင့်ကိစ္စ ကျွန်မ လုံးဝ လက်မခံနိုင်လို့ ကျွန်မ အခုလို အမောတကော လိုက်လာတာပဲ'

'ဒီလို လုပ်လေ'

'ဘယ်လို လုပ်ရမလဲ'

'ကျုပ်ကလည်း ရေရှည် စီမံကိန်းတွေ ဘာတွေ သိပ်စိတ်ရှည်တာမဟုတ်ပါဘူး။ တိုင်းပြည်တစ်ပြည်ရဲ့ ကိစ္စဆိုတာလည်း ကျုပ်နဲ့ ဝေးလွန်းပါတယ်။ ဒီသစ်ပင် ဟိုမှာ စိုက်မယ်၊ မျိုးတွေ ပွားရဦးမယ်၊ အကြာကြီး စောင့်ရမယ်။ ကျုပ်က အကြာကြီး စောင့်ရတဲ့ ကိစ္စကို ဝါသနာမပါဘူး။ တိုင်းပြည်တစ်ပြည် ဘာညာကို ကျုပ်မသိဘူး။ ဒါပေမဲ့ ကျုပ်တစ်ခု နားလည်သွားပြီ။ ဒီ ရော်ဘာပင်လေးဟာ တန်ဖိုး တကယ်ရှိနေပြီ။



'ကျွန်မ သဘောပေါက်ပြီ၊ ရှင့်ကို ကျွန်မ သဘောပေါက်ပြီ။ ရှင့် အတွေးအခေါ်ကိုလည်း ကျွန်မ သဘောပေါက်ပြီ။ ကျွန်မ ရှင့်လက်ထဲက ရော်ဘာပင်လေးကို တန်ရာတန်ဖိုး ပေးဝယ်မှာပေါ့'

'အိုကေ ကျုပ်အပေါ် မင်း သဘောပေါက်ချင်သလို ပေါက်နိုင်တယ်။ ကျုပ် ဒီ ရော်ဘာပင်လေးကို ဒီမှာပဲ ရောင်းခဲ့မယ်။ ကျုပ် ဆုံးဖြတ်လိုက်ပြီ'

'ဟုတ်ပြီလေ ဘယ်လောက်နဲ့ ရောင်းမှာလဲ'

'မြန်မာငွေ သိန်းတစ်ရာ'

သူက ဟက်ခနဲ တစ်ချက်ရယ်မောပါတယ်။

'အဲလောက်ငွေကြေးကို ကျွန်မကလည်း မှန်းဆပြီးသားပါ။ မြန်မာငွေ သိန်းတစ်ရာနဲ့ တန်ဖိုးချင်းတူတဲ့ ကျွန်မရဲ့ ငွေကို ကျွန်မ အဆင်သင့် ယူလာပါတယ်။ ရှင်နယ်စပ်ဆိပ်ကမ်းမှာ မြန်မာငွေနဲ့ ပြန်ဖလှယ်လိုက်ပေါ့'

သူက ကားဆီသွားပြီး ကားတံခါးကို ဖွင့်ကာ အထုပ်တစ်ထုပ် ယူပါတယ်။ အဲ့ဒီ အထုပ် ကျွန်တော့်ကို ကမ်းပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ရော်ဘာပင်လေး ပြန်ပေးလိုက်တယ်။

သူဟာ ရော်ဘာပင်လေးကို ကားထဲထည့်ပြီး ကားကို နောက်ပြန်လှည့် ဗူးခနဲ မောင်းထွက်သွားပါတယ်။

သူဌေးဟာ ကျွန်တော့်ကို အိမ်ပြန်လက်ဆောင် သိန်းတစ်ရာ မုန့်ဖိုး သတ်သတ်ပေးလိုက်တာလို့ပဲ ကျွန်တော် ယူမှတ်လိုက်ပါတယ်။

ရော်ဘာပင်လေးကို ကျွန်တော် မနမြောပါဘူး။

သိန်းတစ်ရာဆိုတော့လည်း မဆိုးပါဘူးလေ။

# စိမ်းလန်းခြင်းသို့

www.burmeseclassic.com

www.burmeseclassic.com

စိမ်းလန်းခြင်းကို ကျွန်တော့် ရင်ဘတ်ထဲသို့ ဆွဲသွင်း ရမည်သား။

စိမ်းလန်းခြင်းထဲသို့ ကျွန်တော်ကိုယ်တိုင် ခိုင်ဝင်ထိုးချ လိုက်ရမည်သား။

ကောင်းကင်မိုးသားတွေနှင့် အတူ ကျွန်တော် ပြေးသွား နေမိပါသည်၊

မြေသလုံးအိမ်တိုင် ဂျစ်ပစီလေးတွေဟာ ဘယ်လို့ အရှအကျင့် ဘယ်လို အသေ့အထထတွေနဲ့ နေထိုင်တတ်ပါ သထဲကွယ်၊

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်သို့ ပြန်ရောက်သောအခါ ကျွန်တော့် မေမေကို တွေ့လိုစိတ်ဖြင့် ကောင်းကင်ကို စက်သံတွေနဲ့ ပင့်တင် ထားတဲ့ မြို့သို့ ကျွန်တော် ခုန်းစိုင်း ပြေးလွှား ပါတော့သည်။

ထို မေမေရဲ့ မြို့သို့ ကျွန်တော် ရောက်ရှိ ချိန်မှာ ညနေ ငါးနာရီ ဖြစ်ပါသည်။

ထိုအချိန်မှာ စက်ရက်ကန်းသံများ လုံးဝ တိတ်ဆိတ် နေသည်။ စက်ဘီးတွေက ချည်ခင် တွေ တစ်ပုံတစ်ပင် တပ်ထွေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး နင်းသွားကြ၏။ ကိုယ်ပိုင်ကား တချို့က ဂေါက်ကွင်းသို့ သွားနေကြသည်။

ကျွန်တော် လမ်းလျှောက်လာခဲ့၏။

ကျွန်တော့် ဖေဖေရဲ့ ခြံတံခါးဝသို့ ကျွန်တော် ရောက်လာပါပြီ။ ခြံတံခါးမှာ ပိတ်ထားသည်။ ကျွန်တော့်ဖေဖေ၏ အဆောက်အဦမှာ ယခင်အတိုင်းပင် ဖြစ်ပါသည်။

ကျွန်တော်သည် ပိတ်ထားသော ခြံတံခါးအဝမှာ အကြာကြီး ရပ်နေမိ၏။

အထဲက လူတစ်ယောက်ယောက်ကို အော်ဟစ် ခေါ်ငင်လိုက်ဖို့ရာ ကျွန်တော် တွန့်ဆုတ် ဝန်လေးနေမိသည်။

ကျွန်တော့် ဖေဖေ တိုက်ထဲမှာ ရှိနေပါသလား။

ကျွန်တော် မသိပါ။

လူရိပ်လူယောင်ကိုမျှပင် ကျွန်တော် မမြင်ရပါ။ အလုပ်သမားတွေကို မျက်လုံးအကြည့်ဖြင့် ရှာဖွေကြည့်သည်။ အစအနမျှပင် မတွေ့ရပါ။

ခြံပေါက်ဝမှာ အကြာကြီး ရပ်နေရာမှ ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ချလိုက်ပါသည်။

BURMESE CLASSIC .com



တိုက်ထဲကို ကျွန်တော် မဝင်တော့ဘူး။

လာလမ်းအတိုင်း လှည့်ပြန်တော့မယ်။ အဝေးပြေးလမ်းမပေါ်မှာ ကျွန်တော် လမ်းလျှောက်နေသည်။ ဗင်ကားတစ်စီး လာနေတာ ကျွန်တော် တွေ့ရသည်။ ကျွန်တော် တားလိုက်တယ်။

'ရန်ကုန်ကို ပို့ပေးမလား'

ကားမောင်းသူက သူ့ခေါင်းကို ကားခေါင်းထဲက ထွက်ပြီး ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

'ဘယ်လောက် ပေးမှာလဲ'

'တန်ရာတန်ကြေးထက် နှစ်ဆ ပိုပေးမယ်'

သူ ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပြီလေ လိုက်မယ်'

ကားတံခါးကို ကျွန်တော် ဆွဲဖွင့်သည်။ ကုရှင်ပေါ် ကျွန်တော့်အိတ်ကို ပစ်ချလိုက်သည်။ ကျွန်တော့် စိတ်တွေကို အနားပေးချင်နေပြီ။ ကားတံခါး ပြန်ပိတ်ဖို့ သတိရသွားကာ တံခါးကို ခပ်မြန်မြန် ဆွဲပိတ်လိုက်၏။

သူ့ကားကို စမောင်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကားသည် အလွန် ပြင်းထန်စွာ ပြေးနေ၏။

တခြားလူတစ်ယောက် မောင်းနေတဲ့ ကားပေါ်မှာ အိပ်ချလိုက်ရတာဟာ ဘယ်လောက် အရသာ ရှိပါသလဲ။

ကျွန်တော် တကယ် အိပ်ပျော်သွားပါသည်။

နောက်နေ့ မနက်တွင် ကျွန်တော် ရန်ကုန်သို့ ရောက်သည်။ ကောင်းကင်တိမ်တိုက် ဟိုတယ်တွင် ကျွန်တော် အခန်းယူလိုက်သည်။ ကျွန်တော့်မှာ ပါလာသည့် ငွေတွေကို ဘဏ်မှာ အပ်နှံထားလိုက်သည်။

ကျွန်တော် ရန်ကုန်မှာ အပ်နှံထားခဲ့သော ကျွန်တော့် ခွေးကလေး မစ်ကီကို သိပ်သတိရသွားပြီး ခွေးကလေးရှိရာ အိမ်သို့ တက္ကစီတစ်စီးငှားလျက် ကျွန်တော် ပြေးပါတော့သည်။

ကျွန်တော် ခွေးအပ်ခဲ့သော အိမ်ရှေ့သို့ ကားထိုးဆိုက်လိုက်တာနှင့် ခွေးကလေး မစ်ကီကို လွမ်းသည့် အလွမ်းစိတ်က ကျွန်တော့် ရင်ဘတ်ထဲမှ အပြင်ဘက်သို့ ဒလဟော စီးဆင်း ပြိုကျတော့၏။

'မစ်ကီရေ မစ်ကီရေ... မစ်ကီ ဘယ်မှာလဲ'



ခွေးကလေး မစ်ကီသည် အမြီးနှန့်လျက် ထွက်လာကာ ကျွန်တော့် ခြေဖမိုးကို သူ့လျှာနှင့်လျက် နမ်းရှုံးတော့မည်ဟု ကျွန်တော့် အာရုံမှာ ထင်မြင်ဆဲမှာ ကျွန်တော် ခွေးအပ်ခဲ့ သောသူ ထွက်လာပါသည်။

'မင်း ခွေးကလေး သေသွားပြီကွာ'

သူက တစ်လုံးချင်း ပြောသည်။

ကျွန်တော့် ခန္ဓာကိုယ်သည် ကျွန်တော့် ရင်ဘတ်ထဲက လက်ကျန် အလွမ်းတချို့နှင့်အတူ ရုတ်တရက် ပြိုဆင်း ယိုင်လဲမတတ် ဖြစ်သွား၏။

မစ်ကီရေ...

ပင်လယ်ကို ကျော်ဖြတ်ရတာထက် အခု ရင်ဆိုင်ရသည့် အခြေအနေ ပိုမိုပြီး ဘဝအလွမ်းဆန်နေပါသည်။

ကျွန်တော် တောင်အမြင့်ကို တက်ခဲ့ရတာထက် အခု ပိုမို မောပန်းနေ၏။

'မင်း စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ မင်းအတွက် တယ်ရီယာ ခွေးဖြူလေးတစ်ကောင် ငါ လက်ဆောင် ပေးမှာ ပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



သူက အမေ ခွဲခါစ တယ်ရီယာ အမွေးပွ ခွေးဖြူလေး တစ်ကောင် ကျွန်တော့်ကို ထုတ်ပေးသည်။ သူပေးတဲ့ ခွေးကလေးကလည်း ချစ်စရာလေးပါ။

ကျွန်တော် ခွေးဖြူကလေးကို ပွေ့ပိုက်ပြီး သူ့ အိမ်ထဲမှ ထွက်လာခဲ့ပါသည်။

လမ်းမပေါ်ရောက်တော့ ဒီကမ္ဘာမြေပေါ်မှာ ဟောဒီ ခွေးကလေးတစ်ကောင်ရယ် ကျွန်တော်ရယ်...

တစ်ကောင်တည်းနှင့် တစ်ယောက်တည်းသာ ဤကမ္ဘာမြေပေါ်မှာ ရှင်သန်နေသည်ဟု ကျွန်တော် ခံစားနေရ၏။

ကားဟွန်းသံတွေ ပေးနေပါသလား။

ခွေးကလေးကို ပွေ့ပိုက်လျက်၊ ခွေးကလေးနှင့် ကျွန်တော် လမ်းလျှောက်နေသည်။

မေမေရေ... မေမေ့ကို ကျွန်တော် သတိရနေမိလိုက်တာ။

ကျွန်တော့် လက်ထဲက ခွေးကလေးကို မေမေ တွေ့မြင်ရရင် အရမ်းချစ်မှာပဲနော်။



တယ်ရီယာ ခွေးဖြူလေးကို ပွေ့ပိုက်နေသော်လည်း မေမေ့ကို အကြီးအကျယ် လွမ်းသော အလွမ်းစိတ်များဖြင့် ရန်ကုန်မြို့တော်ရဲ့ ပလက်ဖောင်းပေါ်မှာ ကျွန်တော် လမ်းလျှောက်နေပါသည်။

ကားဟွန်းသံတွေ

ကားဟွန်းသံတွေ

လူသံတွေ

လူသံတွေ

မီးပွိုင့်တွေ

မီးပွိုင့်တွေ

ဟိုတယ်တွေ

ဟိုတယ်တွေ

စူပါမားကက်တွေ

စူပါမားကက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကဖီးဆိုင်တွေ

ကဖီးဆိုင်မတွေ

အနီရောင် အဝါရောင် ခရမ်းရောင်တွေ

ကျွန်တော့် ရင်ဘတ်ထဲမှာတော့ စိမ်းလန်းသော မြက်ပင်များကို ထူထဲစွာ စိုက်ပျိုးထားလိုက်ချင်ပါသည်။

မြက်ပင်တွေထဲမှာ ဆောင်းရာသီရဲ့ နှင်းစက်တွေ အေးမြစွာ ပျော်ဝင်နေပါစေ။

စိမ်းလန်းခြင်းကို ကျွန်တော့် ရင်ဘတ်ထဲသို့ ဆွဲသွင်းရမည်လား။

စိမ်းလန်းခြင်းထဲသို့ ကျွန်တော်ကိုယ်တိုင် ဒိုင်ဗင် ထိုးချလိုက်ရမည်လား။

ကောင်းကင်မိုးသားတွေနှင့် အတူ ကျွန်တော် ပြေးလွှားနေမိပါသည်။

ခြေသလုံးအိမ်တိုင် ဂျစ်ပစီလေးတွေဟာ ဘယ်လို အမူအကျင့် ဘယ်လို အလေ့အထတွေနဲ့ နေထိုင်တတ်ပါသလဲကွယ်။



ပြေးနေတဲ့ မိုးသားတွေဟာ ဝါကယ့်ကိုပဲ လွှမ်းစရာကောင်းနေပါသည်။

မေမေရယ်...

မေမေတစ်ယောက် စိမ်းလန်းခြင်း နယ်ပယ်ထဲမှာ အေးမြနေပါစေ... ။

❀ ❀ ❀ ❀ ❀ ❀ ❀

မောင်ကိုကို
(အမရပူရ)

BURMESE CLASSIC .com

www.burmeseclassic.com